ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 September 2021 ၁၀၅၀၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် လူ့အခွင့်အရေးယန္တရားများနှင့် ကျင့်ဝတ်ပျက်ပြားသော ကောက်ချက်ချမှုများကို ပယ်ချ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၄၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သည့် ဆွေးနွေးမှု(၃)ခုကို သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့သည်။ ထိုဆုံးဖြတ်ချက်သည် အပြန်အလှန်ဆွေးနွေးမှုများ၏ အနှစ်သာရကို လျစ်လျူရှုကာ နိုင်ငံတစ်နိုင်ငံ၏ မျက်ကွယ်တွင် တစ်ဖက်သတ် ပြုလုပ်သည့်ကိစ္စဖြစ်သောကြောင့် လူ့အခွင့်အရေးကောင်စီတွင် အန္တရာယ်ရှိသော အစဉ်အလာကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းအပြုအမူသည် လူ့အခွင့်အရေးကောင်စီကဲ့သို့ မူဝါဒကို စောင့်ထိန်းသည့် ယန္တရားကိုယ်တိုင်က ၎င်းချမှတ်ထားသည့် မူဝါဒများနှင့် ဦးတည်ချက်များကို လေးစားလိုက်နာခြင်း ရှိ-မရှိ မေးခွန်းထုတ်ဖွယ်ပင် ဖြစ်သည်။ မြန်မာကိစ္စအစီရင်ခံချက်များတွင် ပါရှိသောအကြောင်းအရာများမှာ တိကျမှန်ကန်နိုင်လုံမှုမရှိဘဲ လိုရာဆွဲယူဖော်ပြထားသော စွပ်စွဲချက်များသာဖြစ်သောကြောင့် အဆိုပါစောင့်ကြည့်အစီရင်ခံရေး ယန္တရားများသည် မည်သူ့ကိုမှ အကျိုးမပြုကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM)သည် ၁၃-၉-၂၀၂၁ ရက်တွင် လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံခဲ့သည်။ ယင်းယန္တရား၏ လုပ်ပိုင်ခွင့်နှင့် ရည်ရွယ်ချက်များကို စတင် တည်ထောင်ကတည်းက မြန်မာနိုင်ငံမှ အသိအမှတ်မပြုကြောင်း ကြေညာခဲ့ပြီး အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည်။ အဆိုပါ ယန္တရားမှတောင်းဆိုချက်များသည် လူ့အခွင့်အရေးကို ယိုးမယ်ဖွဲ့၍ နိုင်ငံရေးသွပ်သွင်းမှုသာဖြစ်ရာ အကျိုးဆက်အနေဖြင့် အခြားအလားတူ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

## ကြေးမုံ ယနေ့ ဖတ်စရာ

**စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အား မိမိနေအိမ်တွင် နေထိုင်ရန် အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်**
စာမျက်နှာ » ၅

**ကိုဗစ်-၁၉ နှင့် မြန်မာ့ခရီးသွားလုပ်ငန်း**
စာမျက်နှာ » ၆

**အမှန်တရားကိုပုံဖျက် ကမ်းကုန်အောင်ရက်စက်**
စာမျက်နှာ » ၁၀

**အိန္ဒိယနိုင်ငံက လာမည့် အောက်တိုဘာလကုန်တွင် ပြည်ပနိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ရှစ်သန်း တင်ပို့မည်**
စာမျက်နှာ » ၁၁

**မျိုးဆက်သစ် ပျိုးခင်း**
စာမျက်နှာ » ၂၀၊ ၂၁



# ကန့်ဘလူမြို့ အငှားအိမ်ရာတည်ဆောက်မှု ၇၅ ရာခိုင်နှုန်းခန့် ပြီးစီး

**ကန့်ဘလူ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ပြည်သူ့အငှားအိမ်ရာစီမံကိန်း တည်ဆောက်လျက်ရှိသည်။

**၁၂ ခန်းတွဲ လေးထပ်**

ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများ နေရေးဖြေရှင်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်တည်ဆောက်နေသည့် ၁၂ ခန်းတွဲ လေးထပ်ပြည်သူ့အငှားအိမ်ရာအဆောက်အအုံမှာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါအဆောက်အအုံမှာ အလျား ၁၃၂ ပေ၊ အနံ ၅၁ ပေ အာရ်စီလေးထပ်အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၆၁၂ သန်းဖြင့် မုံရွာမြို့ WELL TECH ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကာ ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာအဆောက်အအုံသည် ကန့်ဘလူမြို့၏ မြို့ရှောင်လမ်း (တက္ကသိုလ်လမ်းမကြီး) အနောက်ဘက် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနောက်ကျောကပ်လျက်တွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ကြေးမုံ

# ငြိမ်းချမ်းမှသာ ဒီမိုကရေစီလမ်း တက်လှမ်းနိုင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ရှေးယခင်ကတည်းက ယနေ့ထက်တိုင် ရှင်သန်နေထိုင်ကြသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိပြီး ပိုင်နက်နယ်မြေသတ်မှတ်ချက်ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး၏ တူညီသောစိတ်ဆန္ဒသည် လွတ်လပ်စွာနေထိုင်လိုခြင်း၊ တန်းတူညီမျှ တူညီသည့်အခွင့်အရေးများ ရလိုကြသည်။

ထိုသို့ အခွင့်အရေးဆန္ဒများကို ဖြည့်ဆည်းပေးနိုင်သည်မှာ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်သည် မတူကွဲပြားမှုများကြားတွင် အများပြည်သူဆန္ဒနှင့် လိုအပ်ချက်ကိုရှေးရှု၍ နိုင်ငံရေးအရအဖြေရှာခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်သည် ငြိမ်းချမ်းစွာအဖြေရှာခြင်းဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း သဘောတူညီမှု ရယူဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရမီကတည်းက ဒီမိုကရေစီစနစ်ဖြင့် အစချီခဲ့သည်။ လွတ်လပ်ရေးရသောအခါ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံ တည်ဆောက်ရန်ကြိုးပမ်းခဲ့သည်။ သို့သော် နိုင်ငံရေးအမြင်နှင့် ယုံကြည်ချက်ကွဲပြားခြားနားမှုများကြောင့် ဒီမိုကရေစီလမ်းကြောင်းမှသွေဖည်၍ လက်နက်ကိုင်လမ်းစဉ်သို့ ကူးပြောင်းခဲ့ကြသည်။ တိုင်းပြည်အတွင်း မငြိမ်းချမ်းမှုများ၊ ပဋိပက္ခများနှင့် နှစ်ပေါင်းရှည်ကြာကြုံတွေ့ခဲ့ရသည်။

လက်နက်ကိုင်လမ်းစဉ်သည် အာဏာတည်ဆောက်ရန်အတွက် ဖြတ်လမ်းနည်း အကြမ်းဖက်လမ်းစဉ်သာဖြစ်သည်။ ပြည်သူများ မျှော်လင့်ချက်ဆန္ဒများနှင့် အလှမ်းဝေးသည့်အာဏာရှင်စနစ်သာဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ် ချုပ်ငြိမ်းရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေရသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၅/၂၀၂၂) တွင် "ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲသည့် နိုင်ငံရေးသမားများအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် မှန်ကန်သည့်အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတကာတွင်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာဖော်ဆောင်ကြကြောင်း၊ ထိုသို့ငြိမ်းချမ်းစွာဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနည်းလမ်းမကျသည့် လက်နက်ဖြင့်အနိုင်ကျင့်၍ လူထုအား အကြောက်တရားဖြင့်အုပ်ချုပ်ခြင်းမျိုးကို မလိုလားကြောင်း" ပြောကြားခဲ့သည်။

တပ်မတော်သည် အစဉ်အလာကြီးမားသော ဖွဲ့စည်းတည်ဆောက်မှုဖြင့် နိုင်ငံကာကွယ်ရေး၊ နိုင်ငံသူ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် အခိုင်အမာရပ်တည်နေသောအဖွဲ့အစည်းကြီးဖြစ်သည်။ လက်ရှိတွင် နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုက်ရိုက်ဆောင်ရွက်ခြင်းမရှိဘဲ သက်ဆိုင်ရာအရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာရခြင်းသည် ယုံကြည်ချက်အယူအဆကွဲပြားမှု၊ နိုင်ငံရေးသမားများ၏အာဏာရလိုမှုကြောင့် ဖြစ်ပေါ်လာသည်ကို မျက်မှောက်နှင့်အတိတ်သမိုင်းကြောင်းအရ တွေ့မြင်နိုင်ပေသည်။ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားလိုအင်ဆန္ဒများကို နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ကြမည်ဆိုပါက လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်လည်း ပေါ်ပေါက်လာမည်မဟုတ်ပေ။ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက်လည်း တပ်မတော်သည် သမိုင်းအစဉ်အဆက် ယနေ့ထက်တိုင် လမ်းဖွင့်ပေးထားလျက်ရှိသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်မှသာ ငြိမ်းချမ်းသာယာသောနိုင်ငံအဖြစ် တည်ဆောက်နိုင်သည်ကို နိုင်ငံတကာတွင် မြင်တွေ့ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ဖြင့်သာ ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်သည် နိုင်ငံရေးဖြင့် ဆောင်ရွက်သောနည်းဖြစ်၍ စိတ်ဝမ်းကွဲပြားစရာအကြောင်းမရှိပေ။ မတူကွဲပြားမှုများကို ညှိနှိုင်းဆောင်ရွက်သည့်စနစ်ဖြစ်သည်။ နိုင်ငံရေးအား ဥပဒေနှင့်အညီဆောင်ရွက်ခြင်းဖြစ်ပြီး ပိတ်ပင်တားဆီးထားခြင်းလည်းမရှိပေ။ တပ်မတော်သည် ပြည်သူများ အသက်အိုးအိမ်စည်းစိမ်လုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး စစ်မှန်သောဒီမိုကရေစီခရီးလမ်း ဖြောင့်တန်းစေရန်အတွက် လမ်းခင်းပေးနေခြင်းဖြစ်သည်။ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံရေးသမားများအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် မှန်ကန်သည့်အမြင်၊ မှန်ကန်သည့်စေတနာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ ပြည်သူများအားလုံးအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်မှသာ မျှော်မှန်းသည့်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြောင့်တန်းလျှင် ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်၍ မတူကွဲပြားသော နိုင်ငံရေးအမြင်များကို ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးအတွက် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

**INTERNATIONAL DAY OF OLDER PERSON**

" သာတူညီမျှ ဒစ်ဂျစ်တယ်ကဏ္ဍ သက်ရွယ်မရွေး ပါဝင်ကြ "

" Digital Equity for All Ages "

၁.၁၀.၂၀၂၂

နေပြည်တော်

# မအူပင်ခရိုင်တွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်

မအူပင် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မအူပင်ခရိုင် တလုပ်လှ ငါးလုပ်ငန်းစခန်း၌ စက်တင်ဘာ ၂၃ ရက်က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက သင်တန်းဖွင့်အမှာစကားနှင့် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ ပြောကြားခဲ့သည်။ ဆက်လက်ပြီး တလုပ်လှငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမင်းနှင့် ဝန်ထမ်းများက GAqPနှင့် သက်ဆိုင်သည့် သင်ခန်းစာများအား ပို့ချပေးပြီး ငါးလုပ်ငန်းစခန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် GAqP model farm ပြုလုပ်ထားရှိမှုအား လှည့်လည်ကြည့်ရှု ရှင်းလင်းပြသ ဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းသို့ ငါးမွေးမြူသူများနှင့် ဝန်ထမ်းများ ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကျိုက်လတ်မြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ကျိုက်လတ် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ကျေးရွာပေါင်း ၃၀ တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၂၁ ခု၊ ကျေးရွာတွင်း ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ကိုးခု၊ ဆိပ်ခံတံတား တစ်ခု၊ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း



လုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ၃၂ ခုကို သတ်မှတ်ထားသော ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထိုသို့ ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများအနက် ကညင်ချောင်းကျုံးဖားကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သိန်း၊ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၉ သိန်း စုစုပေါင်းငွေကျပ် ၁၄ ဒသမ ၉ သိန်းဖြင့် အရှည်ပေ ၈၀၊ အမြင့် ၁၁ ပေ၊ အကျယ် ၁၀ ပေရှိ ကျေးရွာတွင်း ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး တည်ဆောက်ပြီးစီးသည့် တံတားအား ရေရှည်အသုံးပြုနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရေး နည်းလမ်းများကို ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | ဒီဇိုင်း | |
| အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင် |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | | |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

**ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပ ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧက စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❋ ရှေ့ဖုံးမှ

ယန္တရားများနှင့် အစီရင်ခံစာများကဲ့သို့ပင် ထပ်ဖန်တလဲလဲ ဖော်ပြထားသော စွပ်စွဲချက်များကိုသာ ထွက်ပေါ်စေသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက ၂၂-၉-၂၀၂၁ ရက်တွင် နှုတ်ဖြင့် အစီရင်ခံစာတင်သွင်းခဲ့သည်။ အထူးအစီရင်ခံစာ တင်သွင်းသူတို့ လိုက်နာရမည့် ကျင့်ဝတ်တွင် ၎င်း၏ကောက်ချက်များကို သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများထံ ပထမဆုံးပေးပို့ရန်နှင့် လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲချက်များအပေါ် အများပြည်သူသို့ ထုတ်ဖော်ပြောကြားရာတွင် သက်ဆိုင်ရာ နိုင်ငံ၏ တုံ့ပြန်ချက်များကို ထည့်သွင်းဖော်ပြရန်ပါရှိသည်ကို ချိုးဖောက်ထားကြောင်း တွေ့ရပါသည်။ အထူးအစီရင်ခံစာတင်သွင်းသူက ၎င်း၏ ကျင့်ဝတ်ကိုလိုက်နာရန် ပျက်ကွက်ခဲ့ခြင်းကြောင့် တစ်ဖက်သတ်အစီရင်ခံမှုများ ဖြစ်ပေါ်စေကာ နိုင်ငံတကာအသိုက်အဝန်းကို မြန်မာနိုင်ငံအပေါ် အထင်အမြင် လွဲမှားစေခဲ့သည်။ ထို့ပြင် NUG အမည်ရှိ အကြမ်းဖက်အဖွဲ့က လက်နက်ကိုင်အကြမ်းဖက်မှုများ အရှိန်မြှင့်တင်တိုက်ခိုက်ရန် ၇-၉-၂၀၂၁ တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့်ပတ်သက်၍ အများက စိုးရိမ်ပူပန်နေကြစဉ်တွင် အထူးအစီရင်ခံစာတင်သွင်းသူက ယင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အမွှမ်းတင်ထားကြောင်း တွေ့ရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးသည် ၎င်း၏ အစီရင်ခံစာကို ၂၃-၉-၂၀၂၁ ရက်တွင် ကောင်စီသို့ တင်ပြခဲ့ပြီး ယင်းအစီရင်ခံစာတွင် ၉-၄-၂၀၂၁ ရက်၊ ပဲခူးတိုင်း၌ ဖြစ်စဉ်ကြောင့် လူပေါင်း (၈၀) ကျော် သေဆုံးခဲ့ကြောင်း စွပ်စွဲထားသည်။ အဆိုပါနေ့တွင် ပဲခူးတိုင်းရှိ နယ်မြေအချို့ကို ထိန်းချုပ်ရန်ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လက်နက်ကိုင်များက လမ်းအချို့ကို စီးနင်းထားခဲ့သည်။ လုံခြုံရေးတာဝန်ရှိသူများက အတားအဆီးများကို ဖယ်ရှားစဉ် လက်နက်ကိုင်တစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍လည်း မြန်မာအစိုးရက ဖြစ်ရပ်မှန်သတင်းများကို တရားဝင်ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။ ရည်ရွယ်ချက်ရှိရှိဖြင့် ချဲ့ကားထားသည့် ယင်းကိန်းဂဏန်း၏ သတင်းရင်းမြစ်တွင် သေဆုံးသူများကို "အမည်မသိ ၅၄ ဦး" ဟုသာ ဖော်ပြလျက်၊ ကျန်ထိခိုက်သည်ဆိုသူများနှင့် စပ်လျဉ်း၍လည်း စိစစ်နိုင်သော အချက်အလက်များ မပါဝင်ကြောင်း တွေ့ရှိရသည်။ သတင်းမှားများကို အခြေခံသည့် စိတ်ခံစားချက်နှင့် အချက်အလက်ကို ခွဲခြားရန် ပျက်ကွက်သော အစီရင်ခံစာရေးသားသူများ၏ ပညာရှင်ဆန်မှုနှင့် အရည်အသွေးမှာ မေးခွန်းထုတ်ဖွယ် ဖြစ်သည်။

မြန်မာနိုင်ငံ၌ လက်ရှိနိုင်ငံရေးအခြေအနေ ဖြစ်ပေါ်ရသည့် အကြောင်းရင်းဖြစ်သော ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း ၁၁.၃ သန်း (သို့မဟုတ်) တစ်နိုင်ငံလုံးရှိမဲဆန္ဒရှင်များ၏ ၂၉ ရာခိုင်နှုန်းရှိ မဲမသမာမှုများကို ယင်းအစီရင်ခံချက်အားလုံးတွင် သိသာစွာ လျစ်လျူရှုထားသည်။ ထို့ပြင် NUG၊ CRPH နှင့် PDF တို့က ကျူးလွန်သည့် အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားသည်။ ဥပဒေနှင့်အညီ တည်ရှိနေသော နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူစုစုပေါင်း ၇၉၉ ဦးသည် နိုင်ငံရေးအမြင်ကွဲပြားမှု Civil Disobedience Movement ခေါ်လှုပ်ရှားမှုတွင် မပါဝင်မှုနှင့် သတင်းပေးဟု စွပ်စွဲခံရမှုတို့ကြောင့် သတ်ဖြတ်ခံရသည့် ကြောက်မက်ဖွယ်ကိန်းဂဏန်းကို ယင်းအစီရင်ခံစာများတွင် ဖုံးကွယ်လျစ်လျူရှုထားပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာနေရာများကို ယင်းအကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်သားပြည်သူများ သေကျေဒဏ်ရာရရှိမှုများမှာ မျက်ကွယ်ပြု၍မရအောင် ထင်ရှားသည်။

နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် မမျှတသော လုပ်ပိုင်ခွင့်များသည် အောင်မြင်မှုရရှိသည်ကို မြင်တွေ့ခဲ့လှသည်။ ယင်းယန္တရားများက နိုင်ငံအတွင်း စိတ်ဝမ်းကွဲပြားမှုများနှင့် အထင်အမြင်လွဲမှားမှုများကိုသာ ဖြစ်ပေါ်စေသည်။ ယင်းယန္တရားများသည် မြန်မာနိုင်ငံကရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန် အထောက်အကူမပြုသည့်အပြင် အဟန့်အတားဖြစ်စေပါသည်။ သို့ဖြစ်၍ ယင်းသို့ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသော ယန္တရားများ၏ အစီရင်ခံစာများနှင့် ပြောကြားချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်

## ဂျင်းအခြေခံဆေးဝါးစားကုန်အဖြစ် အရည်အသွေးမီစွာ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ပါက ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်အောင်မြင်နိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂၅**

ဂျင်းနုစိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာမျှဝေခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်း၌ စက်မှုဝန်ကြီးဌာနမှ Virtual စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ်မှ ဂျင်းနုစိုက်ပျိုးတောင်သူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် သတ်မှတ်နေရာ အသီးသီးမှ ပါဝင်တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဂျင်းအခြေခံ ဆေးဝါးစားကုန်အဖြစ် အရည်အသွေးမီစွာ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ပါက ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးပညာရှင်၊ ဈေးကွက်ရရှိရေးပညာရှင်နှင့် အရည်အသွေးမြင့်ထုတ်ကုန် ထုတ်လုပ်ရေးပညာရှင်များ၏ ဆွေးနွေးမှုများကို တောင်သူများအနေဖြင့် မိမိတို့ရဲ့ လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည် အသုံးချခြင်းဖြင့် မြန်မာနိုင်ငံ၌ ဂျင်းနုစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ဂျင်းနု (သို့မဟုတ်) Export ဂျင်းစိုက်ပျိုးထုတ်လုပ်ခြင်းကို အားပေးကူညီခြင်းဖြင့် ပြည်တွင်း MSME လုပ်ငန်းများ ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး လူမှုဘဝတိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များဖြစ်သည့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တောင်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် တောင်သူများအနေဖြင့် ပညာရှင်များ၏ ဆွေးနွေးမှုများအပေါ် ပွင့်ပွင့်လင်းလင်း အပြန်အလှန် ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးညီညီအောင်က ဂျင်းစိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အထွေထွေအတွင်းရေးမှူးက ဂျင်းနု (သို့မဟုတ်) Export ဂျင်းစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းချမှု၊ ဈေးကွက်ရရှိမှုဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒေါက်တာ သဇင်ဟန်က ဂျင်းထုတ်လုပ်မှုဆိုင်ရာ တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products) အကြောင်းနှင့် ထုတ်ကုန်အဆင့်ဆင့်ဆိုင်ရာ နည်းစနစ်များကိုလည်းကောင်း အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များက ပြန်လည်ဖြေကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးချက်များအပေါ် ဌာနက ပံ့ပိုးကူညီနိုင်မည့် ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**စစ်တွေ စက်တင်ဘာ ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဘူးသီးတောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။



### တက်ရောက်

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

### ပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက လက်ခံရယူကြသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးက မောင်တောခရိုင်အတွင်းရှိပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၂၉ ကတ်အား ပေးအပ်ရာ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သော မောင်တောခရိုင်ဦးစီးမှူး၊ မောင်တောမြို့နယ်ဦးစီးမှူးနှင့် ဘူးသီးတောင်မြို့နယ်ဦးစီးမှူးတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

■

# အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ကျွဲ၊ နွားအရှင်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းမှ မွေးမြူသူနှင့် ကုန်သည်များအတွက် အကျိုးအမြတ်ရရှိနေကြသော်လည်း တိရစ္ဆာန်အရှင်တင်ပို့ခြင်းထက် တန်ဖိုးမြင့်၊ အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ပါက ပိုမိုအကျိုးကျေးဇူးများမည်ဖြစ်ကြောင်း၊ ဈေးကွက်တည်ငြိမ်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားရှိသည့် တန်ဖိုးမြင့်၊ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ယနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

### တက်ရောက်ဆွေးနွေး

ညှိနှိုင်းအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် အဖွဲ့ဝင်များ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

### တင်သွင်းခွင့် စိစစ်ခွင့်ပြုပေးခဲ့

ပြည်တွင်း မွေးမြူရေးလုပ်ငန်းရှင်များနှင့် တစ်ပိုင်တစ်နိုင်မွေးမြူသူ၊ ထုတ်လုပ်ရောင်းချသူများ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန် အေးခဲသားများ တင်သွင်းခွင့်ကို ယခင်က ကန့်သတ်ခဲ့သော်လည်း ပြည်ပဧည့်သည်များ ဝင်ရောက်လာမှုနှင့် ပြည်တွင်းစားသုံးမှုပုံစံ ပြောင်းလဲလာမှုကြောင့် အရည်အသွေးမြင့်၊ တန်ဖိုးမြင့် အေးခဲသားများကို တင်သွင်းခွင့် စိစစ်ခွင့်ပြုပေးခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီ ၂၇ ခုမှ ဘဲသားနှင့် ကြက်ဆင်သား ၁၇၃ ဒသမ ၃၆ တန် တင်သွင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီ ၂၃ ခုမှ အေးခဲသားတန်ချိန် ၂၂၆၃ ဒသမ ၀၅ တန် တင်သွင်းခဲ့ကြောင်း၊ ကျွဲသားကို အများဆုံးတင်သွင်းခြင်းဖြစ်ပြီး အမဲသားနှင့် ကြက်သားတင်သွင်းမှုများလည်း ပါဝင်ကာ ပြည်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ပြည်ပ အေးခဲသားတင်သွင်းမှုမှ အသားခြောက်ပြုလုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။



တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ စီးပွားဖြစ်မွေးမြူထုတ်လုပ်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာရေး၊ မွေးမြူရေးထွက်ကုန်ဆိုင်ရာ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် လိုအပ်သော မူဝါဒများ၊ အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ပေးရန်နှင့် မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရန် အစိုးရဌာနများက ဆောင်ရွက်ပေးနိုင်ရေး၊ မွေးမြူရေးနှင့်အသားကဏ္ဍတွင် ပါဝင်ပတ်သက်သူများဘက်က လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ပေးနိုင်ရေးတို့အတွက် ယနေ့ကျင်းပသည့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေး



**ကျောင်းကုန်း စက်တင်ဘာ ၂၅**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ စိုက်ပျိုးရေးနည်းပညာစင်တာ၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ယနေ့ နံနက် ၁၀ နာရီတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်တို့က ကြည့်ရှုအားပေးခဲ့ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းရှိန်က နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသည့် အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီးသူ ပြည်သူများအား ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြန်လည် ထုတ်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတစ်ဝန်း အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသော ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ၁၈ လကြာ အချိန်ယူကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်**
**(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်း ဖွင့်လှစ်

**တောင်ကြီး စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ် (GAqP) နည်းစနစ်ဖြင့် မွေးမြူတတ်စေရန်၊ အစားအသောက်ဘေးဥပဒ်ကင်းရှင်းသည့် မွေးမြူရေး ရေထွက်ကုန် ငါးရိက္ခာများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ GAqP သင်တန်းအား စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့သည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးလွှမ်းမိုးဇော်က အဖွင့်အမှာစကား ပြောကြားပြီး ညောင်ရွှေ ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိမိခိုင်က GAqP ကျင့်စဉ်အတိုင်း ငါးမွေးမြူရာတွင် လိုက်နာရမည့်အခြေခံမူ (၄)ရပ်တို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အချက်အလက်များကို ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးနှင့် ညောင်ရွှေ ငါးလုပ်ငန်းစခန်းမှ ဝန်ထမ်း ၁၁ ဦး၊ ညောင်ရွှေမြို့နယ်မှ ငါးမွေးတောင်သူ ခြောက်ဦး စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်အား မိမိနေအိမ်တွင် နေထိုင်ရန် အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၄၂၉/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိသက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှု များပြားသောမြို့နယ်များအတွင်းရှိပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်းနေထိုင်သည့် ပြည်သူများအနေဖြင့် COVID–19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော(၁၄)ရက်အတွင်း COVID–19 ရောဂါ ခါတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှုလျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူစစ်ဆေးရာတွင်လည်း လွန်ခဲ့သော(၁၄)ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များမှ နေထိုင်သောပြည်သူများအနေဖြင့် ၂၆–၉–၂၀၂၁ ရက်၊ နံနက်(၄)နာရီအချိန်မှစ၍ မိမိနေအိမ်တွင် နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်–

(က) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကလေးမြို့နယ်၊
- (၂) စစ်ကိုင်းမြို့နယ်၊
- (၃) တမူးမြို့နယ်၊

(ခ) **ပဲခူးတိုင်းဒေသကြီး**
- (၁) ဖြူးမြို့နယ်၊
- (၂) ပဲခူးမြို့နယ်၊

(ဂ) **ရေဝတီတိုင်းဒေသကြီး**
- (၁) မြောင်းမြမြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတလူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့စရိတ်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတလူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့စရိတ်ပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပရဟိတအဖွဲ့များက ပါဝင်ကူညီဆောင်ရွက်မှုများအပေါ် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်မည့်ငွေကြေးများ၊ ခရီးစရိတ်များ၊ စက်သုံးဆီစရိတ်များ၊ အကာအကွယ်ပစ္စည်းများကို ခရိုင် လေးခရိုင် ကိုယ်စားပြု၍ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အပါအဝင် သဘာဝဘေးအန္တရာယ်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတလူမှုရေးအဖွဲ့အစည်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် စားသောက်စရိတ်၊ စက်သုံးဆီစရိတ်၊ ခရီးစရိတ် တစ်လစာအဖြစ် ငွေကျပ် ၇၃၁၀၂၅၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တန်ဖိုးငွေကျပ် ၃၃၆၉၉၀၀၀ တန်ဖိုးရှိ ကျန်းမာရေးသုံးကာကွယ်ရေးပစ္စည်း ကိုးမျိုးကို တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းတို့က ထောက်ပံ့ပေးအပ်ရာ ပရဟိတအဖွဲ့ကိုယ်စားလှယ်များက လက်ခံရယူကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ရန်ကုန်မြို့တော်စိမ်းလန်းစိုပြည်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးတို့သည် ယနေ့ နံနက် ၇ နာရီတွင် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ထမ်းအိမ်ရာ၌ ရွေ့လျားဈေးကား (Mobile Market)စနစ်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ကြီးကြပ်မှုဖြင့် မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကုန်စိမ်းများ၊ မီးဖိုချောင်သုံးကုန်ခြောက်မျိုးစုံ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန လိုင်စင်စီများမှ အသားမျိုးစုံနှင့် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှငါး/ပုစွန်အမျိုးမျိုး ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ဝန်ထမ်းအင်အား ၁၅၀ ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း သစ်ပင်ကြီးများ၏ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ သစ်ပင်ကြီးများ ထူထပ်သောကြောင့် သဘာဝဘေးဒဏ်ကျရောက်ပါက ပတ်ဝန်းကျင် ထိခိုက်မှုမဖြစ်စေရန် ဝိတ်လျှော့ခုတ်ထွင် ရှင်းလင်းနေမှု၊ မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ စိမ်းလန်းစိုပြည်ရေးနှင့် မြေယာရှုခင်း ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန်–ပုသိမ် ကားလမ်းမဘေး ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် အနော်ရထာစက်မှုဇုန်ရှေ့ မြေဧရိယာ ၁၂ ဒသမ ၂၅၈ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်းလုပ်ငန်းခွင်၌ ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှဆောင်ရွက်နေသော ရန်ကုန်–ညောင်တုန်းလမ်း ရေမြောင်းနှင့် ရေစုကန်အား Excavator ဖြင့် တူးဖော်နေမှု၊ ရေမြောင်းမြေထိန်းနံရံပြုလုပ်နိုင်ရန် Kubota ရေစုပ်စက်ဖြင့် အဆိုပါမြောင်းမှရေအား ပန်းလှိုင်မြစ်သို့စီးဝင်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်လမ်း ရေမြောင်းသို့စုပ်ထုတ်နေမှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဘုရင့်နောင်တံတား အမှတ်(၂) ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာသပ်ရပ်ရေးအတွက် ချုံနွယ်နှင့် မြက်များရှင်းလင်းရန်၊ ရေစုကန်အား ပြန်လည်တူးဖော်ရန်၊ ရေထိန်းတံခါးသို့ အဝင်လမ်းများ ပြုပြင်ရန်တို့ကို မှာကြားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

■

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကိုဗစ်-၁၉ နှင့် မြန်မာ့ခရီးသွားလုပ်ငန်း

မောင်အောင်
(ခရီးသွား)




မီးခိုးမထွက်သောစက်ရုံ (Smokeless Industry) ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည့် ခရီးသွားလုပ်ငန်းသည် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများ၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမျက်နှာစာများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး လူသားတို့၏ သမိုင်းအစဖြစ်သော ကျောက်ခေတ်နှင့် သမိုင်းဦးဘုံမြေခေတ်မှ ယနေ့ စတုတ္ထစက်မှုတော်လှန်ရေးခေတ် (Industry 4.0)အထိ အခြားသော စီးပွားရေးကဏ္ဍများနည်းတူ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

**ကိုးနှစ်ဆက်တိုက် ဖွံ့ဖြိုးမှုကိုပြခဲ့**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ကမ္ဘာ့ခရီးသွားကောင်စီတို့၏ စာရင်းဇယား ကိန်းဂဏန်းများအရ ၂၀၁၂ ခုနှစ်တွင် ခရီးသွားဧည့်သည်ပေါင်း တစ်ဘီလီယံ (သန်းတစ်ထောင်) ပြည့်ခဲ့သော ခရီးသွားလုပ်ငန်းသည် ၂၀၁၉ ခုနှစ်တွင် ခရီးသွားဧည့်သည်ပေါင်း ၁ ဒသမ ၄၆၁ ဘီလီယံ ရှိခဲ့ပြီး လေးရာခိုင်နှုန်း တိုးတက်မှုဖြင့် ကိုးနှစ်ဆက်တိုက် ဖွံ့ဖြိုးမှုကို ပြခဲ့သည်။ ကမ္ဘာ့နိုင်ငံများ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် ဂျီဒီပီတွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ပြီး စီးပွားရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်။ ကမ္ဘာ့စီးပွားရေး ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ချိန်တွင် ခရီးသွားလုပ်ငန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းလည်းဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ဆက်တိုက် သုတေသနပြုလေ့လာမှုများအရ ကမ္ဘာ့အလုပ်အကိုင်ဖန်တီးမှုတွင် ၂၅ ရာခိုင်နှုန်းရှိသဖြင့် လေးဦးလျှင် တစ်ဦးပါဝင်မှုနှုန်းဖြင့် ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်များကို ဖန်တီးပေးလျက်ရှိသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ ၂၀၁၂ခုနှစ်က ကမ္ဘာတစ်ဝန်းတွင် ခရီးသွားဧည့်သည်ပေါင်း တစ်ဘီလီယံပြည့်ခဲ့သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာခရီးသွားဧည့်သည်ပေါင်း တစ်သန်း စံချိန်တင်ဝင်ရောက်လည်ပတ်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသော ခရီးသွားဧည့်သည်ပေါင်း ၄ ဒသမ ၃၈ သန်းဖြစ်လာခဲ့ပြီး နိုင်ငံတော်အတွက် ဝင်ငွေကျပ် ၂၄၂၇ ဒသမ ၄ ဘီလီယံအထိ ဖြည့်ဆည်းကာ နိုင်ငံ့စီးပွားရေး၏ ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ အကျိုးပြုခဲ့သည်။ နိုင်ငံအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အလုပ်အကိုင်ပေါင်း တစ်သန်းကျော် ဖန်တီးပေးထားနိုင်ခဲ့ပြီး ကဏ္ဍပေါင်းစုံ စုစုပေါင်း အလုပ်အကိုင်ဖန်တီးမှု၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း ကမ္ဘာ့ခရီးသွားကောင်စီ၏ အချက်အလက်များအရ ညွှန်းဆိုဖော်ပြလျက်ရှိသည်။


**ဂျီဒီပီ ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်း**

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခဲ့သော ခရီးသွားလုပ်ငန်းသည် ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် အစပြုဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသည်။ ကမ္ဘာတစ်ဝန်းတွင် ဆယ်စုနှစ်တစ်ခုကျော် တိုးတက်ခဲ့သော ခရီးသွားလုပ်ငန်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကြောင့် ရုတ်ခြည်းဆုတ်ယုတ်ကျဆင်းရုံမျှမက ရပ်ဆိုင်းလုနီးပါးအထိ ဖြစ်ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည်ပေါင်း ၃၈၁ သန်းသာရှိခဲ့ပြီး ၇၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ခရီးသွားကောင်စီ၏ အချက်အလက်များအရ အလုပ်အကိုင်ပေါင်း ၆၂ သန်း ဆုံးရှုံးခဲ့ရပြီး ကမ္ဘာ့စီးပွားရေးမှာလည်း ၃ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ၏ ရိုက်ခတ်မှုကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ခံစားခဲ့ရပြီး ၂၀၁၂ နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ခရီးသွားဧည့်သည်ပေါင်း တစ်သန်းအောက်သို့ ပြန်လည်ရောက်ရှိကာ ၇၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရသည်။ ခရီးသွားအလုပ်အကိုင်ပေါင်း ၂၃ ဒသမ၂ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်၏ ဂျီဒီပီသည်လည်း ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း ကမ္ဘာ့ဘဏ်၏စာရင်းများအရ တွေ့ရှိခဲ့ရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုဆိုးကျိုးများကို ပြန်လည်ကုစားရန်အတွက် နိုင်ငံတော်မှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ကို ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သလို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့်လည်း CERP ၏ နောက်ဆက်တွဲအဖြစ် ခရီးသွားလုပ်ငန်း ပြန်လည်ကုစားမှုအစီအစဉ်ကို နိုင်ငံတော်သို့ တင်ပြကာ ခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ကူညီထောက်ပံ့မှုများကို လုပ်ဆောင်ခဲ့သည်။ ခရီးသွားလုပ်ငန်းပြန်လည်ကုစားရာတွင် ဆက်လက်ရပ်တည်နိုင်ရေး (Survival)၊ ပြန်လည်စတင်ရေး (Reopening)၊ ပြန်လည်ဖွင့်လှစ်ခြင်း (Relaunching) ဟူ၍ မဟာဗျူဟာ (၃) ရပ်ချမှတ်ကာ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ပါဝင်သည်။

**ခရီးသွားလုပ်ငန်းပြန်လည်ကုစား**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းပြန်လည်ကုစားမှုကို ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း အမြန်ဆုံးပြန်လည်ဖွံ့ဖြိုးရေးအတွက် ကူညီထောက်ပံ့မှုများကို ပြုလုပ်ခဲ့ပြီး ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံးကို လွှမ်းခြုံနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အကျိုးခံစားမှုအစီအစဉ်နှင့် ဖြေလျှော့မှုများအဖြစ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်တာကင်းလွတ်ခွင့်ပေးခြင်း၊ ဟိုတယ်ငှားရမ်းခများ ပေးဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းပေးခြင်းနှင့် ငှားရမ်းခများအား ၅၀ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပေးခြင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သော အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ရင်းနှီးငွေ တစ်နှစ်တာ ထုတ်ချေးပေးခြင်းတို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပါဝင်ရရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဖြည့်ဆည်းထောက်ပံ့ကူညီခဲ့သည်။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ကပ်ရောဂါအကျပ်အတည်းအား စီမံခန့်ခွဲနိုင်စေရေးတို့အတွက် အကျပ်အတည်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းများ၊ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ၊ ဈေးကွက်စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ ဟိုတယ်ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု အစရှိသော သင်တန်းများကို အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲကာ အခမဲ့ဖွင့်လှစ်ပေးခဲ့သည်။ **စာမျက်နှာ ၇ သို့**❖




**ကိုဗစ်-၁၉ ၏အလားအလာကို ခန့်မှန်းပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးမဟာဗျူဟာလမ်းပြမြေပုံ ၂၀၂၁-၂၀၂၅ အရ ခရီးသွားလုပ်ငန်းကို အမြန်ဆုံးပြန်လည်ဖွံ့ဖြိုးလာစေရန်အတွက် လုပ်ငန်းစဉ်များကိုချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါ ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံတွင် တစ်နှစ်အတွင်း ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကာလလတ်ဆောင်ရွက်ရန်များနှင့် ကာလရှည်ဆောင်ရွက်ရန် ဟူ၍ အဓိကမဟာဗျူဟာ (၁၈) ချက်နှင့် လုပ်ငန်းစဉ် ၉၃ ရပ် ပါဝင်**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

**နေပြည်တော် စက်တင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများသက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှ စတင်ရောင်းချလျက်ရှိပြီး ယနေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အောက်ဖော်ပြပါ ဈေးနှုန်းများအတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်-

| စဉ် | အမျိုးအစား | ရန်ကုန် | မန္တလေး | နေပြည်တော် |
|---|---|---|---|---|
| (က) | Ron၉၂ | ၁၁၂၂ | ၁၁၆၇ | ၁၁၆၂ |
| (ခ) | ရိုးရိုးဒီဇယ် | ၁၁၁၇ | ၁၁၅၂ | ၁၁၅၇ |
| (ဂ) | Premiumဒီဇယ် | ၁၁၂၄ | ၁၁၅၉ | ၁၁၆၄ |

သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးမည့်ဆိုင်အမည်နှင့် လိပ်စာကို အောက်တွင် ဇယားဖြင့် ဖော်ပြထားသည်။ ကျန်ရှိနေသော တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်ရောင်းချပေးသွားရန် စီစဉ်လျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် စက်သုံးဆီများကို အထက်ပါဈေးနှုန်းများအတိုင်း ရောင်းချခြင်းမရှိဘဲ ဈေးနှုန်းမြှင့်တင်ရောင်းချနေသည်ကို တွေ့ရှိရပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးတွင် သက်သာသော ဈေးနှုန်းဖြင့် စက်သုံးဆီ ရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ဝ၁၂၈, အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၂ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၃ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄ | MMTM | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁/၃(E/A) သံသုမာလမ်း- သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၅ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ဝ၁၂၈, အရှေ့မျဉ်းပြိုင်ကွင်းလမ်း၊ ၁၂ ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၆ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၇ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် 1/အေ-၃,၂ , ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၈ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁/၃(E/A) သံသုမာလမ်း- သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၉ | Heyday | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်.၅ဝ၁/၅၁၂ , သီတာလမ်း၊ ဆေးရိုးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၀ | Petrol Star | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် (၄ဝ၄-ဘီ)၊ ခရေပင်လမ်း၊ ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၁ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်္ဂလာဒုံ |
| ၁၂ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | လှိုင်သာယာ |
| ၁၃ | Gold Link | ၁၁၄၂ | ၁၁၃၇ | ၁၁၄၄ | တိုက်ကြီး |
| ၁၄ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်းဓမ္မ |
| ၁၅ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြောက်ဒဂုံ |
| ၁၆ | Gold Link | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သန်လျင် |
| ၁၇ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၃၅/ခ)၊ ရှုခင်းသာလမ်း၊ ၁ဝတောင်ရပ်ကွက် |
| ၁၈ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၆၂)ရပ်ကွက်၊ ရောဝတီလမ်းမကြီး |
| ၁၉ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၆)ရပ်ကွက်၊ ပင်လုံလမ်းမကြီး |
| ၂၀ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်၊ (၁၄၃/၃)၊ (၁၄၃/၂)၊ အမှတ်(၁၄၁)ရပ်ကွက် |
| ၂၁ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄၉၂/၆)၊ မြိုင်သာယာရပ်ကွက် |
| ၂၂ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၇၁ဝ)၊ ဒဂုံ-သီလဝါလမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ |
| ၂၃ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရွှေနံ့သာကျေးရွာအုပ်စု၊ ပုလဲရပ်ကွက် |
| ၂၄ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သနေပင်ကျေးရွာအုပ်စု |
| ၂၅ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သာယာကုန်းကျေးရွာအုပ်စု |
| ၂၆ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရတနာလမ်းမပေါ်၊ တက်လမ်းအိမ်ရာအနီး၊ ၁ဝတောင်ရပ်ကွက် |
| ၂၇ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပဲခူးမြစ်လမ်းမပေါ်၊ အိုးအိမ်မှတ်တိုင်အနီး၊ ၉၂ ရပ်ကွက် |
| ၂၈ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေတိုင်းရပ်ကွက်အမှတ်-၂၇/၉၊ လူနေ/ရပ်ကွက် အမှတ်-ရွှေပင်လုံအိမ်ရာ၊ (တောင်/မြောက်လမ်းဆုံ) |
| ၂၉ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပဲခူးမြစ်လမ်းနှင့် ရောဝတီလမ်းမကြီးထောင့်၊ ရောဝတီလမ်းမကြီး၊ ၆ဝ ရပ်ကွက် |
| ၃၀ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်းရဲကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့် (YBS ကားဝင်းအနီး ) |
| ၃၁ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပအဝိုင်းအနီး၊ စက်မှုလက်မှုရပ်ကွက် |
| ၃၂ | Best Oil | ၁၁၂၇ | ၁၁၂၂ | ၁၁၂၉ | အမှတ် ၁၄၂၄၊ဒလ-တွံတေး လမ်းမကြီး၊ဆာဖာချောင်ရပ်ကွက် |
| ၃၃ | Style San | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၄ | Style San | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၅ | Style San | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာကွင်းအမှတ် (၅၆၇/A က)ကင်မလင်းကွင် အမှတ် ၄ လမ်း၊ မှော်ဘီမြို့နယ်။ |
| ၃၆ | Shwe ByainPhyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၄၅၇, နံပါတ် ၅ ရပ်ကွက်၊ ရှုခင်းသာလမ်း၊ သာကေတရပ်ကွက်၊ ရန်ကုန်မြို့ |
| ၃၇ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၃လမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၈ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ထူးချောင်းရွာ၊ နံပါတ် ၅ လမ်း၊ ထန်းထပင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၃၉ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၇၈၊ အောက်မင်္ဂလာဒုံ၊ စင့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄၀ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ တိုးဂိတ်အနီး မြို့မ(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ် |
| ၄၁ | Shwe Byain Phyu | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | တွံတေး-ဒလလမ်း၊ တလုတ်တော်ရပ်ကွက်၊ တွံတေးမြို့နယ် |
| ၄၂ | Asia Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၉)ရပ်ကွက်၊ ဦးပုညလမ်းနှင့် မကွေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၃ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၇)၊မြေတိုင်းရပ်ကွက်အမှတ်(၁ဝ)၊ သီရိမင်္ဂလာဈေးသစ်အဝင်လမ်း၊ ဘုရင့်နောင်လမ်းမကြီး၊ (သီရိမင်္ဂလာဈေးသစ်အနီး)၊ လှိုင်မြို့နယ်။ |
| ၄၄ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေအကွက်အမှတ်(၂E/၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-G)၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ (MEC ရုံးရှေ့)၊ အလုံမြို့နယ်။ |
| ၄၅ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၅၁F၁-ခ)၊မြေတိုင်းရပ်ကွက်အမှတ်(၃၄D)၊ (တာမွေအခွန်လွတ်ဈေးအနီး)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်။ |
| ၄၆ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၁/၁၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ကျောက်တိုင်)၊ ဗဟိုလမ်းနှင့် ရောဝတီလမ်းထောင့်၊ (သာကေတကျောက်တိုင်အနီး)၊ သာကေတမြို့နယ်။ |
| ၄၇ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၁/ခ)၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅၂/ ဂ)၊ အုတ်ဖိုကျေးရွာအုပ်စု၊(သာခုကန်စက်မှုဇုန် ဝင်ပေါက်ဆိုင်းဘုတ်ရှေ့)၊ အမှတ်(၄)လမ်း၊ ရွှေပြည်သာမြို့နယ်။ |
| ၄၈ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | စိုင်မွေးကျေးရွာ(၁)၊ အမှတ်(၂)လမ်းကြီးဘေး၊ လေးထောင့်ကန်၊ ဒဂုံတောင်ပိုင်းမြို့နယ်။ |
| ၄၉ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်(၁ဝ၃၈)၊ ဦးပိုင်အမှတ်(၈/၂ + ၉/၁)၊ ငှက်ပျောတောကွင်း၊ ပြည်တော်သာရပ်ကွက်၊ ရန်ကုန်-ပဲခူး ကားလမ်းမဘေး၊ လှည်းကူးမြို့နယ်။ |
| ၅၀ | Max Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ကျောက်ပုန်းမြောက်ကွင်း၊ အမှတ်(၄)လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅၁ | Kyaw San & Myae Gae | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | KS (019) မှော်ဘီ အမှတ်(၄)လမ်းမကြီး |
| ၅၂ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၆၃/၁)၊ သုနန္ဒာလမ်း နှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၃ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ သာခုကန်စက်မှုဇုန်အနီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၄ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁/၇၁၃၊၂/၇၁၃)၊ ၂၁ ရပ်ကွက် ၊တောင်ဒဂုံစက်မှုဇုန်အနီး၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၅ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄၅)၊ ဘူတာရုံလမ်း(ခ)လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၆ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၅)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ မြစိမ်းရောင်အိမ်ရာ၊ ဒဂုံဧရာအဝေးပြေးရှေ့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၇ | Moon Sun | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၉၄၇/က)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ ဘုရင့်နောင်တံတားအဆင်း၊ FMI City အနီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၈ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၁ ၁၄၂ ,နံပါတ်(၂)အဝေးပြေးလမ်းမကြီးနှင့် ကြံသစ္စာလမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၅၉ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၃/ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၀ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ဂ/ ၁၆ ဟ၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပအနီး၊ မြောက်ဥက္ကလာပရပ်ကွက်၊ ရန်ကုန်မြို့ |
| ၆၁ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အောက်မင်္ဂလာဒုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |

စာမျက်နှာ ၉ သို့ »»

»»» စာမျက်နှာ ၈ မှ

| | | | | | |
|---|---|---|---|---|---|
| ၆၂ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်.၄၁/၃၀၅, ၄လမ်းအနီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၃ | Denko | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၅၈၈, ၇ ရပ်ကွက်၊ ရန်ကုန်-ပုသိမ်လမ်း၊ လှိုင်သာယာ ရပ်ကွက်၊ ရန်ကုန်မြို့ |
| ၆၄ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် (၂) လမ်းမကြီး၊ အင်းဝလမ်းထောင့်၊ ရွာသာကြီး၊ ဒဂုံအရှေ့ မြို့နယ် |
| ၆၅ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပြည်လမ်း မင်္ဂလာဒုံမြို့နယ် |
| ၆၆ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ထန်းတပင်၊ လှိုင်သာယာ၊ ရန်ကုန်မြို့ |
| ၆၇ | Regency | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အရှေ့မြင်းပြိုင်ကွင်းနှင့် မာလာနွယ်လမ်းထောင့် တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆၈ | Regency | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရန်ကုန်-ပုသိမ်လမ်း၊ လှိုင်သာယာ-တွံတေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်။ |
| ၆၉ | OK Petroleum | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရန်ကုန်အမှတ် (၄)လမ်းမကြီး၊ ရန်ကုန်-ပြည်လမ်းဘေး မှော်ဘီမြို့နယ် |
| ၇၀ | Best Oil | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် ၁/က၊မောင်းမကန်လမ်းမကြီး၊ ၁၇ ရပ်ကွက် |
| ၇၁ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁ နံပါတ် (၆၀/၆၂) ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၇၂ | Petro King | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁ နံပါတ် (၉၅၈/၉၅၉/၉၆၀), ၃၃ တိုးချဲ့ရပ်ကွက်၊ဆားကစ်လမ်း၊ မြောက်ဒဂုံမြို့နယ်၊ရန်ကုန်မြို့ |

## မန္တလေးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီ ရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | Kyaw San & Myae Gae | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | KS(031) အုန်းချောဆိုင်(မန္တလေး-ထုံးဖို) |
| ၂ | Heyday | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ကိုတက်ဆန်းရွာ သာစည်မြို့နယ်၊ မန္တလေး |
| ၃ | Heyday | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မြစ်သားမြို့နယ်၊ လမ်းဝွရွာ မန္တလေး |
| ၄ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | အမှတ်(၄၅)/မ-၈၃၊ ၃၅ လမ်း၊ ၅၂ x ၅၃ လမ်းကြား |
| ၅ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | အမှတ်(D-1)၊ ၆၂ လမ်း၊ တွတ်ပီကွေ့၊ စက်မှုပန်းခြံလမ်း |
| ၆ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မိုင်တိုင်(၃၇၅)၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ တံတားဦး အဝိုင်းထိပ် |
| ၇ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၊ ပေါ်တော်မူဘုရားအနီး |
| ၈ | Best Oil | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | စစ်ကိုင်း-မန္တလေးကားလမ်းဟောင်း၊တံတားဖြူအနီး |
| ၉ | Shwe Byain Phyu | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၂၆ ဘီလမ်း၊ (၅၈x၅၉)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၀ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၇၈ လမ်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ မန္တလေးလေယာဉ်ကွင်းလမ်းနှင့် မျက်နှာချင်းဆိုင်၊ ချမ်းမြသာစည်မြို့နယ်။ |
| ၁၁ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မိုင်တိုင်(၄၁၅)၊ ပေါ်တော်မူဘုရားနီး၊ စဉ့်ကိုင်မြို့။ |
| ၁၂ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၃ | Asia Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၄ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မြေကွက်အမှတ်(၆၀-က)၊(၈၄ လမ်း x ၃၂ လမ်းထောင့်) ကွင်းအမှတ်(၅၇၄)အောင်နန်းရိပ်သာ၊ အနောက် ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ |
| ၁၅ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ (၆၈)လမ်း၊ ကွင်းအမှတ်(၀၀-၁၀)၊ဦးပိုင်အမှတ်(၈၁)၊မန္တလေး။ |
| ၁၆ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | မဟာအောင်မြေမြို့နယ်၊ မန္တလေး-ပြင်ဦးလွင်လမ်း၊ (၃၆x၃၇) လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မန္တလေးတိုင်း ဒေသကြီး။ |
| ၁၇ | Max Energy | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ (၇၈)လမ်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| ၁၈ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS(027) ကျွဲတပ်ဆုံ(သာစည်မြို့) |
| ၁၉ | Kyaw San & Myae Gae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS(026) နွားထိုးကြီးမြို့နယ် |
| ၂၀ | Moon Sun | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ပြည်ကြီးမင်္ဂလာကုန်တင်ရပ်နားစခန်း(စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၁ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၇၈ လမ်း၊ အနီး၊ခင်စောမူမဟာအောင်မြေမြို့နယ်၊ မန္တလေး |
| ၂၂ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | (နံပါတ်-၅က,ခ)အနီး၊၇၄ လမ်းနှင့် မြို့မသစ်လွင်လမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး |
| ၂၃ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | နံပါတ် ၄၆-၄၇ မြို့ပြလမ်းနှင့် ၂၆ လမ်းထောင့် (မန္တလေး-ပြင်ဦးလွင်လမ်း) ပုသိမ်ကြီးမြို့နယ်၊ မန္တလေးလမ်း |
| ၂၄ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | နံပါတ် ၅၈၀ အေ (ထုံးဘို-မြစ်ငယ်လမ်း) အမရပူရမြို့နယ်၊ မန္တလေးလမ်း |
| ၂၅ | Denko | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | နံပါတ်၁၄/၁ ရန်ကုန်-မန္တလေး ဟိုင်းဝေးလမ်း၊ အမရပူရမြို့နယ်၊ မန္တလေး |
| ၂၆ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းမဘေး၊ မြို့ဦးစေတီအနီး |
| ၂၇ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-ညောင်ဦးလမ်းမကြီးဘေး |
| ၂၈ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-မန္တလေးလမ်းမကြီးဘေး မြင်းခြံမြို့ |
| ၂၉ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-မိတ္ထီလာလမ်းမဘေး မြင်းခြံမြို့ |
| ၃၀ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန် - မိတ္ထီလာ လမ်းဟောင်းဘေး မိတ္ထီလာမြို့ |
| ၃၁ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ဘုရားကြီးအနောက်ရပ်ကွက် အမှတ်(၁)တောင်သာမြို့ |
| ၃၂ | Petro King | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ရွှေပြည်ကျေးရွာအုပ်စု တောင်သာမြို့ |
| ၃၃ | Regency | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-မန္တလေးလမ်း၊ မြင်းခြံမြို့ |
| ၃၄ | Regency | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | ၆၃ x ၆၄ လမ်းကြား၊ ၃၅ လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၃၅ | Regency | ၁၁၈၂ | ၁၁၇၂ | ၁၁၇၉ | မြို့တော်ခန်းမရှေ့၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့။ |
| ၃၆ | OK Petroleum | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | ညောင်ဦး-ကျောက်ပန်းတောင်း လမ်းမကြီးဘေး |
| ၃၇ | OK Petroleum | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန် - မန္တလေး လမ်းမကြီးဘေး ရွှေဒါးကျေးရွာ |
| ၃၈ | OK Petroleum | ၁၁၆၇ | ၁၁၅၇ | ၁၁၆၄ | မြင်းခြံ-ညောင်ဦး လမ်းမကြီးဘေး |

## နေပြည်တော်တွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီ ရောင်းချပေးသွားမည့် အရောင်းဆိုင်များ

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း Ron 92 | ရိုးရိုးဒီဇယ် | Premium ဒီဇယ် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| ၁ | Best Oil | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | အမှတ်(၁၉)၊ မန္တလေးလမ်းနှင့် မြဝတီလမ်းထောင့် |
| ၂ | Best Oil | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ဗွီ(၄)လမ်းနှင့်ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ် |
| ၃ | Max Energy | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိအဝေးပြေးဝင်းအရှေ့၊ ပျဉ်းမနားမြို့ရှောင်လမ်းနှင့်ရန်ကုန်-မန္တလေး ကားလမ်းမကြီးအနီး |
| ၄ | Denko | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | နံပါတ်စီ-၅ ပျဉ်းမနား-တောင်ညိုလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ မြို့မဈေးအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |
| ၅ | Petro King | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်-ပျဉ်းမနားလမ်းဟောင်း နှင်းဆီဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၆ | Petro King | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရွှေပြည်တော်ဝင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့် ဒက္ခိဏသီရိမြို့နယ် |
| ၇ | Regency | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | စီ(C) လမ်းဆုံတိုး(လ်)ဂိတ်အနီး၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။ |
| ၈ | Kyaw San & MyaeGae | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 030 ) တပ်ကုန်း |

# ရွှေပြည်သာမြို့နယ်၌ စာရေးဆရာအသင်းဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်လှူဒါန်း

**ရွှေပြည်သာ စက်တင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်နေသော ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စာရေးဆရာ အသင်းဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက စာရေးဆရာအသင်းရုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ပြုလုပ်ရာတွင် ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ နာယကကြီးများနှင့် စာရေးဆရာကြီးများ၏ လှူဒါန်းမှုဖြင့် စားဝတ်နေရေး အခက်အခဲဖြစ်နေသော စာရေးဆရာ အသင်းဝင် ၇၅ ဦးခန့်အား ဆန်၊ ဆီ၊ ကြက်သွန်နီ စသည့် အခြေခံစားသောက်ကုန်များကို အသင်းဝင်တစ်ဦးလျှင် ဆန် ငါးပြည်၊ ဆီ ၅၀ ကျပ်သားနှင့် ကြက်သွန်နီ တစ်ပိဿာစီ ထောက်ပံ့ပေးအပ် လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်မောင်အုန်း (လယ်ဝေး)နှင့် အလုပ်အမှုဆောင်အဖွဲ့က တစ်ဦးချင်းစီကို ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။ ယခုလို ကူညီထောက်ပံ့လှူဒါန်းခြင်းအားဖြင့် မြို့နယ်တွင်ရှိသည့် အသင်းဝင်များအတွက် အနည်းငယ်မျှ အထောက်အပံ့ရရှိစေမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက ပြောသည်။



**အေးမိုး(ပြန်/ဆက်)**

# အမှန်တရားကိုပုံဖျက် ကမ်းကုန်အောင်ရက်စက်

ကိုရေချမ်း

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်းများစွာ စုစည်းနေထိုင်ကြပါတယ်။ မတူညီတဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေ၊ မတူညီတဲ့ ဘာသာတရားနဲ့ ကွဲပြားတဲ့ ယုံကြည်မှုတွေလည်း ရှိပါတယ်။ ဘာသာတရားမှာ အများစုကိုးကွယ်တဲ့ ဗုဒ္ဓဘာသာအပါအဝင် ဘာသာအားလုံးကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်လျက်ရှိပါတယ်။ ယုံကြည်ရာဘာသာတရားရဲ့ အဆုံးအမလမ်းညွှန်မှုအောက်မှာ တိုင်းရင်းသားလူမျိုးအချင်းချင်း နားလည်မှုရှိစွာနဲ့ အတူလက်တွဲ နေထိုင်လျက်ရှိတာကို နယ်မြေဒေသအသီးသီးမှာ တွေ့နိုင်ပါတယ်။

ဒီလိုအေးအေးချမ်းချမ်း နေနေပေမယ့်လည်း ဘာသာရေးကို ခုတုံးလုပ်သူတွေ၊ ဘာသာတရားကို နှောင့်ယှက်သူတွေ၊ ဖျက်ဆီးသူတွေလည်း ရှိတတ်ပါတယ်။ ဘာသာရေး၊ လူမျိုးရေးဟာ မတူကွဲပြားခြားနားပြီး သိမ်မွေ့နူးညံ့လွန်းပါတယ်။ ထိလွယ်၊ ရှလွယ်ဖြစ်တတ်သလို ကောင်းကျိုး၊ ဆိုးပြစ်တွေလည်းရှိပါတယ်။ ဒါကြောင့် ဘာသာတရားနဲ့ ပတ်သက်ရင် အထူးသတိထား လုပ်ကိုင်ဆောင်ရွက်ကြရပါတယ်။ မြန်မာနိုင်ငံမှာ ရှေးကာလကတည်းက ဘာသာရေး၊ လူမျိုးရေးမှာ မေတ္တာတရားအပေါ် အခြေခံပြီး တစ်ဦးပေါ်တစ်ဦး နားလည်မှုရှိစွာ ဆက်ဆံနေထိုင်လာခဲ့တာကြောင့် နှစ်ပေါင်းကြာရှည် စိတ်အေးချမ်းသာ ရပ်တည်နေထိုင်ခဲ့ကြပါတယ်။

## စိတ်မချမ်းမြေ့ဖွယ်

ယနေ့ကာလမှ ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ ပဋိပက္ခတွေ၊ အမုန်းတရားတွေ တိုးပွားလာအောင် ဖန်တီးမှုတွေ၊ လုပ်ကြံမှုတွေ၊ မမှန်မကန် ပြုလုပ်မှုတွေ ရှိလာတာကို တွေ့ရပါတယ်။ အထူးသဖြင့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းမှုတွေ ဖြစ်ပွားခဲ့တဲ့ အချို့ပြည်နယ်အတွင်းက ဒေသတချို့မှာ ဘာသာရေး၊ လူမျိုးရေးကိုအခြေခံတဲ့ အမုန်းတရားတွေ၊ ပဋိပက္ခတွေ ပြုလုပ်လာတာကို တွေ့ရပါတယ်။ အေးချမ်းသာယာစွာ အစဉ်အဆက် နေထိုင်လာခဲ့ကြတဲ့ ချင်းပြည်နယ်မှာ အကြမ်းဖက်မှုတွေ ထကြွလာတာကြောင့် ပဋိပက္ခတွေ၊ အနိဋ္ဌာရုံ အဖြစ်အပျက်တွေကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိနေရပါတယ်။ ချင်းပြည်နယ်အတွင်းက တချို့မြို့ရွာတွေမှာ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ချုံခိုတိုက်ခိုက်တာတွေ၊ အပြစ်မဲ့သူတွေကို အကြမ်းဖက်သတ်ဖြတ်မှုတွေ၊ အဆောက်အအုံတွေကို မီးရှို့ဖျက်ဆီးမှုတွေ ပြုလုပ်ခဲ့တာရှိပါတယ်။

ထန်တလန်မြို့မှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက တချို့မြို့တွေ၊ ရွာတွေက လူနေအိမ်တွေကို အကာအကွယ်ယူပြီး လုံခြုံရေးတပ်ဖွဲ့တွေကို ပစ်ခတ်တိုက်ခိုက်ကြတာ ရှိပါတယ်။ တကယ်တော့ ဒီလုပ်ရပ်တွေဟာ အဆင်ခြင်အသိဉာဏ်မဲ့တဲ့ မိုက်ရူးရဲလုပ်ရပ်တွေသာ ဖြစ်ပါတယ်။ ကိုယ့်ပြည်သူတွေ၊ ကိုယ့်တိုင်းရင်းသားတွေကို ခုတုံးလုပ်တဲ့သဘော၊ ကိုယ့်မြို့၊ ကိုယ့်ရွာတွေကို ဖျက်ဆီးတဲ့သဘော ဖြစ်ပါတယ်။ တိုက်ပွဲဖြစ်ရင် နှစ်ဖက်ထိခိုက်တာ၊ တစ်ဖက်ဖက် ထိခိုက်တာ၊ ပတ်ဝန်းကျင်ကို ထိခိုက်တာတွေ ရှိပါတယ်။ မြို့တွင်းတိုက်ပွဲဖော်တယ်ဆိုတာ အကြမ်းဖက်သမားတွေရဲ့ မိုက်မဲတဲ့လုပ်ရပ်ဖြစ်ပါတယ်။ သတ္တိကောင်းတယ်ဆိုရင် လူသူအလှမ်းဝေးတဲ့ တပ်ရင်းတပ်ဖွဲ့တွေကို သွားရောက်တိုက်ခိုက်နိုင်ပါတယ်။ ထန်တလန်မှာ အကြမ်းဖက်သမားတွေဟာ အင်အားအလုံးအရင်းနဲ့ တပ်မတော်နဲ့ ရဲတပ်ဖွဲ့စခန်းတစ်ခုကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြပြီး မြို့ထဲမှာလည်း တိုက်ကွက်ဖော်ခဲ့ကြပါတယ်။

## မုန်းတီးမှုတွေဖန်တီး

ချင်းပြည်နယ်သာမက မြန်မာနိုင်ငံတစ်ဝန်းမှာ မတည်ငြိမ်မှုတွေ ဖြစ်နေတာ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်နေတာဟာ ပြည်ပြေး CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့တွေရဲ့ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုတွေကြောင့် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကို ပိုမိုကြီးထွားလာအောင် မီးလောင်ရာလေပင့်ပေးတဲ့သူတွေကတော့ ပြည်ပအထောက်အပံ့တွေကို ယူထားတဲ့ ပြည်ပအခြေစိုက် ပြည်တွင်းသတင်းတွေ ထုတ်လွှင့်နေတဲ့ မီဒီယာတွေဖြစ်ပါတယ်။ မီဒီယာအဖွဲ့အစည်းတွေဟာ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်တွေ၊ ဥပဒေစည်းမျဉ်းတွေကို လေးစားလိုက်နာ စောင့်ထိန်းကြရပါတယ်။ ယခုအခါမှာ ပြည်ပအထောက်အပံ့ယူထားတဲ့ မီဒီယာတွေမှာ ကျင့်ဝတ်တွေ၊ ဥပဒေစည်းမျဉ်းတွေဆိုတာ မရှိတော့ပါဘူး။ အထောက်အပံ့ပေးတဲ့ နိုင်ငံရဲ့ နိုင်ငံရေးမူဝါဒဟာ သူတို့ရဲ့လုပ်ထုံးလုပ်နည်း ဖြစ်လာပါတယ်။ ဒါဟာ အထူးအဆန်းတော့မဟုတ်ပါဘူး။ ရှေးအစဉ်အဆက်ကတည်းက ၎င်းတို့မူဝါဒနဲ့ မကိုက်တဲ့ အစိုးရဆိုရင် အဲဒီအစိုးရ ပြုတ်ကျအောင် မီဒီယာလက်နက်နဲ့ တိုက်ခိုက်ကြပါတယ်။ မသူတော်တွေ သတင်းလွှင့်တာကို ပေါင်းဖက်လုပ်ကိုင်ကြတဲ့ ကြံဖော်ကြံဖက်တွေ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ထိုးနှက်မှုတွေ၊ ဘက်လိုက်ရေးသားမှုတွေ၊ မမှန်မကန်ဖော်ပြမှုတွေကို တစိုက်မတ်မတ် ပြုလုပ်ပြီး တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲအောင်၊ အစိုးရအပေါ်မှာ မုန်းတီးမှုများလာအောင် ပြုလုပ်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။

ယခုတလောမှာ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ ဘာသာတရားအချင်းချင်း စိတ်ဝမ်းကွဲအောင် ပြုလုပ်လာကြတာကို တွေ့ရပါတယ်။ ချင်းပြည်နယ် ထန်တလန်မြို့မှာ စက်တင်ဘာ ၁၈ ရက်နေ့က တိုက်ပွဲဖြစ်ပြီး ခရစ်ယာန်အသင်းတော်က သင်းအုပ်ဆရာ ပါစတာကျုံးဗျက်ဟုမ်းနဲ့ပတ်သက်ပြီး တပ်မတော်ကပစ်တဲ့ကျည် ထိမှန်သေဆုံးသွားတယ်လို့ သတင်းတွေထုတ်လွှင့်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီသတင်းက လွန်ခဲ့တဲ့လက မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမရွာမှာ လုံခြုံရေးတပ်ဖွဲ့က မီးရှို့တယ်ဆိုပြီး မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်ခဲ့တဲ့ မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေကျဖြစ်တဲ့ ပြည်ဖျက်ဝရမ်းပြေး ခေတ်သစ်မီဒီယာက ပထမဆုံး စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

ကင်းမရွာဖြစ်စဉ်တုန်းကလည်း အဖြစ်မှန်ကို လိုလားတဲ့ပြည်သူတွေက ကင်းမရွာကို PDF တွေ မီးရှို့တာ၊ လုံခြုံရေးတပ်ဖွဲ့တွေ ရွာကသက်ကြီးရွယ်အိုတွေကို ကယ်ဆယ်တာစတဲ့ အထောက်အထားတွေနဲ့ တုံ့ပြန်ခဲ့ကြပါတယ်။ ယခုလည်း ထန်တလန်မြို့မှာ ခရစ်ယာန်သင်းအုပ်ဆရာကို တပ်မတော်က ပစ်ခတ်တယ်ဆိုပြီး သတင်းထုတ်လွှင့်ပြီးတဲ့နောက် ပြည်ပအခြေစိုက် မြန်မာမီဒီယာတွေက မဟုတ်မမှန်သတင်း ထုတ်လွှင့်ခဲ့ကြတာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတစ်ဝန်းမှာ မတည်ငြိမ်မှုတွေဖြစ်နေတာ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေဖြစ်နေတာဟာ ပြည်ပြေး CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့တွေရဲ့ သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးမှုတွေကြောင့် ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကို ပိုမိုကြီးထွားလာအောင် မီးလောင်ရာလေပင့်ပေးတဲ့သူတွေကတော့ ပြည်ပအထောက်အပံ့တွေကိုယူထားတဲ့ ပြည်ပအခြေစိုက် ပြည်တွင်းသတင်းတွေထုတ်လွှင့်နေတဲ့ မီဒီယာတွေဖြစ်**

## ကျည်ထိမှန်သေဆုံး

ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်နဲ့သက်ဆိုင်တဲ့ကိစ္စကို နိုင်ငံတကာ အထင်အမြင်လွဲမှားအောင်၊ လူမျိုးရေးစိတ်ဝမ်းကွဲပြားအောင်၊ ဘာသာရေးအရ ဖိနှိပ်ရက်စက်သလိုဖြစ်အောင် မဟုတ်မမှန်လုပ်ကြံ ပုံကြီးချဲ့ ပုံဖျက်ပြီး သွေးထိုးလှုံ့ဆော်နေတာကို တွေ့ရပါတယ်။ ဖြစ်စဉ်အမှန်ကို အများပြည်သူသိရှိအောင် နိုင်ငံတော်က တရားဝင်သတင်းထုတ်ပြန်ပေးခဲ့ပြီး မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ကြသူတွေကလည်း မှန်တဲ့အတိုင်း ထုတ်ဖော်ပြောကြားလာကြပါတယ်။

ဖြစ်စဉ်အမှန်က စက်တင်ဘာ ၁၈ ရက်နေ့ ညနေ ၄ နာရီနဲ့ ၄ နာရီခွဲအချိန်လောက်မှာ နယ်မြေလုံခြုံရေးကို တာဝန်ယူနေတဲ့ လုံခြုံရေးတပ်ဖွဲ့တွေက ထန်တလန်မြို့မှာ လှည့်ကင်းဆောင်ရွက်ခဲ့ပါတယ်။ လုံခြုံရေးဆောင်ရွက်ရင်း ထန်တလန်မြို့ အမှတ် (၁) ရပ်ကွက်ကို ရောက်ရှိတဲ့အချိန်မှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၁၀၀ ခန့်က မြို့ထဲ၊ ရပ်ကွက်ထဲက နေအိမ်တွေထဲကနေပြီး စောင့်ကြိုတိုက်ခိုက်ကြတာတွေ ပြုလုပ်ခဲ့ပါတယ်။ အပြန်အလှန် တိုက်ခိုက်မှုတွေ ဖြစ်ခဲ့ပါတယ်။ တိုက်ပွဲတွေဖြစ်ပွားနေစဉ်မှာ နေအိမ်တွေ မီးလောင်တာတွေ တွေ့ရပါတယ်။ နေအိမ်အလုံး ၂၀ လောက်နဲ့ ဆောက်လုပ်ရေးဦးစီးဌာနပိုင် လမ်းဦးစီး ရိပ်သာ သုံးထပ်အဆောက်အအုံ မီးလောင်ကျွမ်းမှု ဖြစ်ခဲ့ပါတယ်။ မီးလောင်မှုဖြစ်တဲ့နေရာကို ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်မှာနေထိုင်တဲ့ ထန်တလန်ရာပြည့်နှစ်ခြင်းအသင်းတော်က သင်းအုပ်ဆရာ ပါစတာကျုံးဗျက်ဟုမ်းက သူ့အိမ်ကနေ ဆိုင်ကယ်နဲ့ထွက်ခွာလာပြီး အမှတ်(၂)ရပ်ကွက် ဗိုလ်ချုပ်လမ်း ထားထားဆေးဆိုင်အနီး ရောက်ရှိစဉ် ကျည်ထိမှန် သေဆုံးခဲ့ခြင်းဖြစ်ပါတယ်။

## မဟုတ်မမှန်သတင်းဖြန့်

စတင်တိုက်ပွဲဖြစ်တဲ့အချိန်က ညနေ ၄ နာရီကနေ ၄ နာရီ ၂၅ မိနစ်အထိ ဖြစ်ပါတယ်။ သင်းအုပ်ဆရာ ကျည်ထိမှန်သေဆုံးခဲ့တဲ့အချိန်က ညနေ ၆ နာရီဖြစ်ပါတယ်။ သေဆုံးခဲ့တဲ့ သင်းအုပ်ဆရာကို နောက်တစ်နေ့ ၁၂ နာရီမှာ အမှတ်(၂)ရပ်ကွက် ထန်တလန်သင်္ချိုင်းမှာ ခရစ်ယာန်ဘာသာရေး ဆရာများဦးစီးပြီး ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မဟုတ်မမှန်သတင်းတွေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နဲ့ ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တို့က သတ်ဖြတ်ခံရတာတွေ၊ ဘာသာရေးအဆောက်အအုံကို ဖျက်ဆီးတာတွေကို စွပ်စွဲပြစ်တင် သတင်းထုတ်ပြန်တာ တွေ့ရပါတယ်။ ချင်းပြည်နယ် အချို့ဒေသတွေမှာ ဖြစ်ခဲ့တဲ့ကိစ္စတွေသာမက မြန်မာနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တပ်မတော်အပေါ် အထင်အမြင်လွဲမှားအောင် CRPH နဲ့ NUG အကြမ်းဖက်အဖွဲ့တွေနဲ့ ပြည်တွင်းက အကြမ်းဖက် အဖျက်သမားတွေ လက်ချက်ကြောင့်အပြင် ပြည်တွင်းက ဝရမ်းပြေး ခေတ်သစ်မီဒီယာနဲ့ ပြည်ပအခြေစိုက် မြန်မာမီဒီယာကြီးတွေရဲ့ သွေးထိုးမြှောက်ပင့် ပုံဖျက်ပေးမှုတွေကြောင့် မဟုတ်မမှန်သတင်းတွေ ပျံ့နှံ့လာပါတယ်။

ထန်တလန်မှာ ခရစ်ယာန်သင်းအုပ်ဆရာ သေဆုံးခဲ့တဲ့ ကိစ္စနဲ့ပတ်သက်လို့ ချင်းခရစ်ယာန် ဘာသာဝင်တစ်ယောက်က လူမှုကွန်ရက်ပေါ်မှာ အဖြစ်မှန်တွေကို ထုတ်ဖော်ပြောကြားထားတာ တွေ့ရပါတယ်။ **"ထန်တလန် ပစ်ခတ်မှုမှာ စစ်တပ်ကနေ ပစ်သတ်လို့ သင်းအုပ်ဆရာတော် Postor Chung Biak Hmun သေဆုံးခဲ့ပြီး သူ့ရဲ့နာရီ၊ ဖုန်းနဲ့ မင်္ဂလာရွှေလက်စွပ်ကို လက်ချောင်းဖြတ်ပြီး လုယူခဲ့တယ်ဆိုပြီး Khit Thit Media တွေနဲ့ တခြားမီဒီယာတွေက ရေးနေကြလို့ အဖြစ်မှန်ကိုသိခဲ့ရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ အဖြစ်မှန်နဲ့ လွဲနေတာလေးကို ပြောချင်ပါတယ်။ တကယ်တော့ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာတော် Postor Chung Biak Hmun ဟာ စစ်တပ်ကပစ်သတ်လို့ သေတာမဟုတ်ပါဘူး။ အဲဒီနေ့က CDF အဖွဲ့တွေက အိမ်တွေကို မီးရှို့နေလို့ ဆရာက သူ့ဆိုင်ကယ်နဲ့ တစ်ယောက်တည်း သွားကြည့်တာပါ။ အဲဒါ ရပ်ကွက်(၂) ဗိုလ်ချုပ်လမ်းက ထားထားဆေးဆိုင်နားအရောက်မှာ CDF တွေက ဒလန်ဆိုပြီး ပစ်သတ်လို့ သေသွားခဲ့ရတာပါ။ ပြီးတော့ လက်ချောင်းတွေဖြတ်ပြီး နာရီ၊ လက်စွပ်တွေ ယူသွားခဲ့တာလည်း CDF တွေပါပဲ။**

## အမှန်တရားကိုထုတ်ဖော်

**အဲဒီလို ဖြစ်ပျက်နေတဲ့အချိန် အဲဒီအနားမှာ စစ်သားတွေ တစ်ယောက်မှ ရှိမနေကြပါဘူး။ CDF တွေချည်းပဲ ရှိနေခဲ့တာပါ။ စစ်သားတွေက တော်တော်ဝေးတဲ့နေရာမှာပဲ ရှိနေခဲ့တာပါ။ ဒါတွေကို ကျွန်တော်တို့ ဒေသခံတွေအားလုံး သိပါတယ်။ ဒလန်လို့စွပ်စွဲပြီးအသတ်ခံရမှာ စိုးတာရယ်၊ မိသားစုပါ ရန်ရှာခံရမှာ စိုးရိမ်တာကြောင့် ဘယ်သူကမှ အဖြစ်မှန်ကို မပြောရဲကြပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာတော်ကို သတ်သွားတဲ့ တရားခံအမှန်ဟာဘယ်သူတွေလဲဆိုတာ သိသင့်မယ်ထင်လို့နဲ့ အဖြစ်မှန်ကို ဖုံးကွယ်လိမ်ညာပြောဆိုခြင်းဟာ ဘုရားသခင်ကလည်း မကြိုက်တာမို့လို့ ကျွန်တော့်အနေနဲ့ အခုလိုဖွင့်ပြောရခြင်းပဲ ဖြစ်ပါတယ်"** လို့ ထုတ်ဖော်ပြောကြားလာတာကို ဓမ္မဓိဋ္ဌာန်ကျကျ သေချာဆန်းစစ်လေ့လာကြည့်ရင် မည်သူက အမှန်/ မည်သူကအမှားဆိုတာကို သိရှိနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်လုပ်ရပ်တွေကို ကမ်းကုန်အောင် လုပ်ပြနေကြတာတွေကို မည်သူ့ဘက်မှမလိုက်ဘဲ အဖြစ်မှန်ကို သေသေချာချာ လေ့လာဆန်းစစ်ကြည့်ရင် သိမြင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်ဖက်ကိုလိုက်ပြီးတော့ ဘက်လိုက်ပြောဆိုရင်တော့ အမှန်တရားနဲ့ဝေးနေဦးမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အကြမ်းဖက်သမားတွေ သတ်ဖြတ်လို့သေဆုံးရတဲ့ အပြစ်မဲ့ပြည်သူတွေ မနည်းတော့ပါဘူး။ အကြမ်းဖက်သမားတွေ တိုက်ခိုက်၊ သတ်ဖြတ်၊ လုယက်၊ ဖျက်ဆီးမှုတွေကိုလည်း နေ့စဉ်လိုလို မြင်တွေ့ကြားသိနေရပါတယ်။ တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ ပြည်သူတွေကို အန္တရာယ်ပေးနေတဲ့ အကြမ်းဖက်သမားတွေကို ရှင်းလင်းနှိမ်နင်းနေပြီး ကောင်းမွန်စွာနေထိုင်ကြတဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ စာရေးသူအနေနဲ့ ဘက်လိုက်ပြောကြားနေခြင်းမဟုတ်ဘဲ လက်တွေ့အခြေအနေတွေကို အဖြစ်မှန်အတိုင်း တင်ပြရခြင်းဖြစ်ပါတယ်။ သတိတရားနဲ့ အမှန်တရားကို ဝိုင်းဝန်းဖော်ထုတ်ကြမယ်ဆိုရင် အမှန်တရားကိုပုံဖျက်ပြီး ကမ်းကုန်အောင် ရက်စက်ကြတဲ့ အဖျက်သမားနဲ့ အပေါင်းပါတွေ အမြန်ချုပ်ငြိမ်းပြီး ကျွန်တော်တို့ရဲ့ လူမှုဘဝနဲ့ရပ်ရွာတွေ အေးချမ်းသာယာလာမှာဖြစ် ပါတယ်။ ။

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၉၇၅ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် စက်တင်ဘာ ၂၅**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၉၇၅ ဦးနှင့် သေဆုံးသူ ၁၂၇ ဦး ထပ်မံတွေ့ရှိ ခဲ့ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေစီမံခန့်ခွဲမှုစင်တာက ယနေ့တွင် ပြောကြားသည်။

အဆိုပါရောဂါကူးစက်ခံရသူ ၁၁၉၇၅ ဦးအနက် ၃၆၁၂ ဦးမှာ မြို့တော်ဗန်ကောက်နှင့်အနီးဝန်းကျင်ရှိ ပြည်နယ်များမှ ဖြစ်ကြောင်း ၎င်းစင်တာက ပြောကြားသည်။ ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာ လာသူ ၁၄၇၀၀ ရှိကြောင်းနှင့် ၃၃၂၃ ဦးသည် စိုးရိမ်ရသည့် အခြေအနေ တွင်ရှိကြောင်း သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁ ဒသမ ၅၄ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၁၆၁၄၃ ဦးရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၄၈ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၂၅ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအစိုးရသည် ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေသန်း ၇၀ နီးပါးအနက်မှ ၇၀ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၈၄၃ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် စက်တင်ဘာ ၂၅**



အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၈၄၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၅၁၉၇၂၈ ဦးရှိလာသည်။

**၂၈၀ ထပ်မံသေဆုံး**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၈၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၉၀၇၂ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

**ပြန်လည်ကျန်းမာလာ**

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၉၂၀၉၇၈ ဦးရှိသည်။

လူနာ ၆၄၁၁ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။

**ထိုးနှံမှုခံယူပြီးဖြစ်**

လက်ရှိအချိန်အထိ ပြည်သူ ၃၄၅၆၉၆၈၀ သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၅၂၁၉၈၂၄ ဦးသည်ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■



## အိန္ဒိယနိုင်ငံက လာမည့်အောက်တိုဘာလကုန်တွင် ပြည်ပနိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ရှစ်သန်း တင်ပို့မည်

**နယူးဒေလီ စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံက လာမည့်အောက်တိုဘာလကုန်ပိုင်းတွင် ပြည်ပနိုင်ငံများသို့ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ရှစ်သန်းခန့် တင်ပို့မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိတစ်ဦးက ယနေ့ပြောကြားသည်။

ဝါရှင်တန်မြို့တွင်ကျင်းပသည့် အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ခေါင်းဆောင်တို့၏ အစည်းအဝေးတစ်ရပ်တွင် အိန္ဒိယဝန်ကြီးချုပ်မိုဒီက ယခုကဲ့သို့ ကတိကဝတ်ပြုလိုက်ခြင်းဖြစ်သည်။

အိန္ဒိယဆေးဝါးကုမ္ပဏီ Biological E မှ ထုတ်လုပ်သည့် တစ်ကြိမ်ထိုး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံး ရေရှစ်သန်းအနက် အများစုကို အာရှ-ပစိဖိတ်ဒေသ နိုင်ငံများသို့ တင်ပို့ပေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဟားရှ်ဗာဒန်ရှာရင်လာက သတင်းထောက်များအား ယနေ့ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအများဆုံးထုတ်လုပ်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လာမည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပြည်ပသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံခန့် တင်ပို့ရန် ယခုနှစ်အစောပိုင်းက ကတိကဝတ်ပြုခဲ့သည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အကြီးအကျယ်ဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ်မေလက ပြည်ပသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတင်ပို့မှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ သို့သော် အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းကျဆင်းလာသည့်အတွက် ကာကွယ်ဆေးတင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှုကို ယခုသီတင်းပတ်အတွင်း ဖြေလျှော့ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ်မတ်လနှင့် မေလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူစက်ခံရသူသန်းနှင့်ချီရှိပြီး ထိုရောဂါဖြင့် ၂၅၀၀၀၀ ထက်မနည်း သေဆုံးခဲ့ရခြင်းကြောင့် သီတင်းပတ်များစွာအကြာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သည်။

အိန္ဒိယအစိုးရသည် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၈၄၀ နီးပါး သုံးစွဲခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အရွယ်ရောက်ပြီးသူ ထက်ဝက်နီးပါးခန့် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး လူဦးရေ၏ ၁၆ ရာခိုင်နှုန်းခန့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၀၆ ဦးရှိ

**ဟန္နိုင်း စက်တင်ဘာ ၂၅**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၀၆ ဦးရှိကြောင်း၊ ယင်းတို့အနက် ၉၆၈၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၄ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၄၆၆၇၈ ဦးရှိကြောင်းနှင့် သေဆုံးသူစုစုပေါင်း ၁၈၄၀၀ ရှိကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက်ကူးစက်မှုအများဆုံးမှာ နိုင်ငံတောင်ပိုင်းဒေသများမှဖြစ်ပြီး ဟိုချီမင်းစီးတီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၄၆ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၂၉ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၆ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၀၅၉၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၅၁၆၄၄၉ ဦးရှိကြောင်းနှင့် လက်ရှိတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၇ ဒသမ ၆ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၉၀၇ ဦးထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၉၀၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၄၇၀၂၃၅ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၇၄၀၅ ဦးရှိလာသည်။

စက်တင်ဘာ ၁၉ ရက်မှစပြီး နေ့စဉ်ရောဂါကူးစက်ခံရသူအရေအတွက် ၂၀၀၀၀ အောက်နည်းပါးလာသည်ကို စစ်ဆေးတွေ့ရှိရသည်။ စက်တင်ဘာ ၁၁ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၂၆၃၀၃ ဦးဖြင့် စံချိန်တင်တွေ့ရှိခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၉ သန်းနီးပါးကို ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ပြီးခဲ့သည့်ဆယ်စုနှစ်တစ်ခုကျော်အတွင်း ဆီးရီးယားပဋိပက္ခကြောင့် သေဆုံးသူ သုံးသိန်းငါးသောင်းကျော်ရှိ

**ဂျီနီဗာ စက်တင်ဘာ ၂၅**

၂၀၁၁ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ် မတ်လအကြား ဆီးရီးယားနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် လူပေါင်း ၃၅၀၂၀၉ ဦးသေဆုံးခဲ့ကြောင်း လက်ရှိ ကျင်းပလျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၄၈) ကြိမ်မြောက် အစည်းအဝေးသို့ စက်တင်ဘာ ၂၄ ရက်တွင် ကုလသမဂ္ဂက အစီရင်ခံစာတင်သွင်းခဲ့သည်။

အဆိုပါ ဆီးရီးယားပဋိပက္ခကြောင့် သေဆုံးသူ အရေအတွက်သည် ကုလသမဂ္ဂရုံး၏ ကိုယ်ပိုင်အချက်အလက်များကို အခြေခံထားခြင်းဖြစ်ပြီး မြို့ပြလူမှုအဖွဲ့အစည်းများထံမှရရှိသည့် မှတ်တမ်းများနှင့် ဆီးရီးယားအစိုးရထံမှရရှိသည့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံထားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးမစ်ချယ်လီဘာချီလက်က လူ့အခွင့်အရေးကောင်စီသို့ ပြောကြားသည်။

ဆီးရီးယားပဋိပက္ခအတွင်း သေဆုံးခဲ့သည့် လူဦးရေ ၃၅၀၂၀၉ ဦးအနက် ၁၃ ဦးရှိတိုင်းတွင် အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးစီ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဘာချီလက်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခသည် ၂၀၁၁ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး စစ်ပွဲအသွင်သို့ လျင်မြန်စွာ ပြောင်းလဲလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဆီးရီးယားအစိုးရနှင့် အတိုက်အခံများဘက်မှ ကိုယ်စားလှယ်များသည် ဂျီနီဗာမြို့၌ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း ယခုတိုင်အောင် ဖြေရှင်းနိုင်မည့်အခြေအနေကို မတွေ့ရှိခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၇၃ ဦးဖြင့် နေ့စဉ်ကူးစက်မှုစံချိန်တင်



**ဆိုးလ် စက်တင်ဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂၇၃ ဦး စံချိန်တင် တွေ့ရှိခဲ့သဖြင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၂၉၈၄၀၂ ဦး ရှိလာကြောင်း တောင်ကိုရီးယားကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေး အေဂျင်စီက ပြောကြားသည်။

ရိုးရာ ရုံးပိတ်ရက်ဖြစ်သည့် ချူဆုခ်ကောက်သစ်စားပွဲ ကျင်းပပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၇၃ ဦး စံချိန်တင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀ နှင့်အထက် ရှိလာသည်မှာ ရက်ပေါင်း ၈၁ ရက် ဆက်တိုက်ရှိလာခဲ့သည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း တွေ့ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၂၁၇ ဦးသည် မြို့တော်ဆိုးလ်တွင် နေထိုင်သူများဖြစ်ကြပြီး ၁၀၉၄ ဦးသည် ဂျောင်ဂီပြည်နယ်တွင် နေထိုင်ကြကာ ကျန် ၂၀၁ ဦးသည် အင်ချောင် ဆိပ်ကမ်းမြို့တွင် နေထိုင်သူများ ဖြစ်ကြကြောင်း သိရသည်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရာဂါကြောင့် ခုနစ်ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၄၁ ဦး ရှိလာသည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူအားလုံး၏ သုည ဒသမ ၈၂ ရာခိုင်နှုန်းခန့်ရှိသည်။

သို့သော် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါလူနာ ၁၉၂၂ ဦး ရောဂါကင်းစင်ပြီး စောင့်ကြည့်ရေးစင်တာများမှ ပြန်ဆင်းခဲ့ကြသဖြင့် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၆၆၄၁၄ ဦး ရှိလာသည်။

တောင်ကိုရီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ပြည်သူ ၃၇၇၄၉၈၅၄ ဦးကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ယင်းတို့အနက် ၂၂၉၇၇၇၀ သို့မဟုတ် နိုင်ငံ၏ လူဦးရေ ၄၄ ဒသမ ၈ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၂၃ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၂၅**

အာဖရိကတိုက်၌ ယနေ့မွန်းလွဲပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၂၃၀၀၆၅ ဦးရှိလာကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၀၉၂၈၈ ဦးရှိလာကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ပြီး တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၈၉၄၃၄၂ ဦးရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၂၇၁၂၇ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**





# ဆူဒန်နိုင်ငံ၌ လူဦးရေသုံးသိန်းကျော် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဒဏ်ခံရ

**ကုလသမဂ္ဂ စက်တင်ဘာ ၂၅**

ဆူဒန်နိုင်ငံ၌ ပြည်နယ် ၁၈ ခုရှိသည့်အနက် ပြည်နယ် ၁၄ ခုရှိ လူဦးရေ သုံးသိန်းကျော်သည် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဒဏ်များကို ခံခဲ့ကြရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူနေအိမ်ခြေစုစုပေါင်း ၁၅၀၀၀ ပျက်စီးခဲ့ကြောင်း၊ လမ်းတံတားများနှင့် စိုက်ပျိုးမြေများလည်း ပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

ထို့ပြင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဆူဒန်နိုင်ငံ၌ လူဦးရေထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး စာသင်ကျောင်းများနှင့် အများပြည်သူနှင့်ဆိုင်သည့် အဆောက်အအုံများ၌ ခိုလှုံခဲ့ရကြောင်းသိရသည်။

ဆီးရီးယားရှိ လူပေါင်း ၈၃၀၀၀ ကျော်အတွက် အစားအစာများ၊ လူပေါင်း ၇၂၀၀၀ နီးပါးအတွက် အမိုးအကာများနှင့် အစားအစာမဟုတ်သောအခြားအထောက်အပံ့များနှင့် လူပေါင်း ၁၄၅၀၀ ကျော်အား တိုက်ရိုက်ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း အပါအဝင် လူပေါင်း ၁၈၃၀၀၀ အတွက် အထောက်အပံ့များ ပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# အမေရိကန်ပြည်သူ သန်း ၆၀ ခန့် တတိယအကြိမ်ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှု ခံယူရမည်

**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန် ပြည်သူ သန်း ၆၀ ခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယ အကြိမ် အပိုထပ်ဆောင်းထိုးနှံမှု ခံယူရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားသည်။

**အသုံးပြုသွားမည်**

အဆိုပါ ကာကွယ်ဆေး တတိယ အကြိမ် အပိုထပ်ဆောင်းထိုးနှံမှုအစီအစဉ်တွင် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုသွားမည်ဖြစ်သည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံရာတွင် အမေရိကန်ကျန်းမာရေးအာဏာပိုင်များက အုပ်စုသုံးစုခွဲခြားထားသည်။ ယင်းတို့မှာ အသက် ၆၅ နှစ်နှင့် အထက်အရွယ် ပြည်သူများ၊ နာတာရှည်ရောဂါ ခံစားနေရသည့် အသက် ၁၈ နှစ်မှ ၆၄ နှစ်အတွင်းရှိ ပြည်သူများနှင့် ၎င်းတို့ နေထိုင်သည့် နေရာ သို့မဟုတ် အလုပ်ခွင်နေရာများတွင် ဗိုင်းရပ်စ်နှင့် အထူးထိတွေ့ခံနေရသူများ ဖြစ်သည်။



ထို့ပြင် ဆရာ ဆရာမများ၊ စတိုးဆိုင်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အကျဉ်းသားများနှင့် အိုးမဲ့အိမ်မဲ့ အမိုးအကာများတွင် နေထိုင်သူများကိုလည်း ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပေးမည်ဖြစ်သည်။

**အဆင်သင့်ဖြစ်လျက်ရှိ**

အမေရိကန်ပြည်သူ သန်း ၂၀ သည် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးသည်မှာ အနည်းဆုံးခြောက်လ ကြာမြင့်ခဲ့ပြီးဖြစ်သည့်အတွက် တတိယအကြိမ်ထိုးနှံမှု ခံယူရန် အဆင်သင့်ဖြစ်လျက်ရှိကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

အသက် ၇၈ နှစ်အရွယ်ရှိသည့် ဂျိုးဘိုင်ဒင်သည်လည်း တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူမည်ဖြစ်ကြောင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူရန် ပြည်သူများကိုလည်း တိုက်တွန်းပြောကြားသည်။

Moderna သို့မဟုတ် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးသူများသည်လည်း တတိယအကြိမ်ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှု ခံယူနိုင်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၀၄၁ ဦး ထပ်မံတွေ့ရှိ

**မော်စကို စက်တင်ဘာ ၂၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၀၄၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၃၉၈၄၁၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

**သေဆုံးသူပေါင်း ၂၀၃၀၉၅ ဦးရှိလာ**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၂၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၃၀၉၅ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၃၂၅ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၆၅၉၀၉၃၃ ဦး ရှိလာသည်။

**ကူးစက်ခံရသူ ၃၂၁၁ ဦး ထပ်မံတွေ့ရှိ**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၁၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၁၇၇၁၅ ဦးရှိလာပြီဖြစ်သည်။ လက်ရှိအချိန်အထိ ပြည်သူ ၄၁ ဒသမ ၆ သန်းအား ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၃၂၀၀၂၀၅၀ ဦး

သေဆုံးသူ
၄၇၅၃၂၇၆ ဦး

ပြန်လည်ကျန်းမာလာသူ
၂၀၈၆၃၁၄၁၉ ဦး

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၉၁၆ ဦးရှိ

**နယူးဒေလီ စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၆၁၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၃၆၂၄၄၁၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။



ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉၀ ထပ်တိုးလာသဖြင့် သေဆုံးသူ စုစုပေါင်း ၄၄၆၆၅၈ ဦးရှိလာကြောင်း သိရသည်။

**ပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၃၀၁၄၄၂ ဦးရှိ**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်း ဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ စုစုပေါင်း ၃၀၁၄၄၂ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၈၀၄၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၂၈၇၆၃၁၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၅၅၄ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၅**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၅၅၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၁၇၁၂၃၂ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၅၅၄ ဦးအနက် ၁၄၅၄၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကိုးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၅၀ ထပ်တိုးလာသဖြင့် သေဆုံးသူ စုစုပေါင်း ၂၄၉၃၁ ဦး ရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၆၇၅၁ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၉၅၀၄၆၄ ဦး ရှိလာကြောင်း သိရသည်။



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၁၉၅၈၃၇ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၀၅၅ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၉၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။


လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၅၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# လက်လုပ်မိုင်းပြုလုပ်သည့် တရားခံများနှင့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိ

## ရန်ကုန်မြို့တွင်း အဖျက်လုပ်ငန်းများနှင့် မှုခင်း/ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်မှုမရှိစေရန် ရည်ရွယ်၍ မီးပွိုင့်များရှိ CCTV များအား ဖောက်ခွဲရန် ဆွေးနွေးခဲ့ကြောင်း ဖော်ထုတ်သိရှိရ

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်တွင် လက်လုပ်ဗုံးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံများ




**နေပြည်တော် စက်တင်ဘာ ၂၅**

စက်တင်ဘာ ၅ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဖြဟ္မစိုရ်လမ်းနှင့် ပင်းယလမ်းထိပ်၌ ယာဉ်မောင်း **ကျော်ကိုလင်း (ခ)AJ (၃၄)နှစ်** မောင်းနှင်ပြီး **စိုင်းပိုင်စိုးနောင်(ခ) မာဝီ(၃၀)နှစ်** လိုက်ပါလာသည့် CRV (အဖြူရောင်) ယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်းအတွင်းမှ အပြာရောင် PVC ပိုက်၊ Keypad ဖုန်းတို့ဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်း လေးလုံးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

**ဖမ်းဆီးရမိ**

တရားခံ ကျော်ကိုလင်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၈ ရက်တွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် မစိုးရိမ်လမ်း အိမ်အမှတ်(၃၁-အေ)အား ဝင်ရောက်ရှာဖွေခဲ့ရာ **ဝင်းကိုအောင်(၂၉)နှစ်၊ ထင်ကျော် (၅၇)နှစ်နှင့် အိဖြူ(၃၀)နှစ်** တို့ကို ၉ မမ ကျည် ၇ တောင့်၊ ပွိုင့်-၂၂ ကျည် ၇ တောင့်၊ လက်ပစ်ဗုံးဖြူ(စ်) တစ်ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် နဝဒေးလမ်း အိမ်အမှတ်(၉)တွင် ဆက်စပ်တရားခံ **ဝင်းထွဋ်သော်တာ(ခ) အီတိုး(၃၁)နှစ်**ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

**ကျော်ကိုလင်း (ခ) AJ၊ စိုင်းပိုင်စိုးနောင် (ခ) မာဝီ**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **မေရီယန်၊ အောင်မြင့်မြတ်(ခ)ကဗျာ၊ သန့်ဇင်(ခ)ကျွဲကြီး၊ ထက်ဝေယံမင်းလွင်(ခ)ရှိုးရှိုး**တို့သည် ဖမ်းဆီးရန်ကျန် **ထားထက်ထက်**၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆)နယ်မြေတွင် ဖွင့်လှစ်သော အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းနှင့် မိုးကုတ်မြို့အနီးတွင် ဖွင့်လှစ်သော TNLA အဖွဲ့၏ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတို့ကို တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စက်တင်ဘာ ၄ ရက်တွင် ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်ရန်အတွက် Fountain အဖွဲ့မှ **ကျော်ကိုလင်း(ခ) AJ၊ စိုင်းပိုင်စိုးနောင်(ခ) မာဝီ**တို့သည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **နေရွှန်းကို(ခ) James၊ မေရီယန်၊ တိုင်ရွန်နှင့် အောင်ရဲ(ခ) ပိုးဥ**တို့သည် Zoom Meeting ပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့တွင်း အဖျက်လုပ်ငန်းများနှင့် မှုခင်း/ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်မှုမရှိစေရန်ရည်ရွယ်၍ မီးပွိုင့်များရှိ CCTV များအား ဖောက်ခွဲရန် ဆွေးနွေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **အီတိုး**သည် မေလတွင် TNLA အဖွဲ့ထံတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်မည့် လူငယ်လေးဦးကို ၎င်း၏ကားဖြင့် ပြင်ဦးလွင်-နောင်ချိုမှတစ်ဆင့် မိုးကုတ်သွား ကားလမ်းပေါ်ရှိ ပလောင်ရွာတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းသည် မေလတွင် အကြမ်းဖက်အဖွဲ့ဖြစ်သော NUG အဖွဲ့ထံသို့ NLD ပါတီမှ **ဖြိုးဇေယျာသော်** (၂၀၁၅ ခုနှစ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)မှတစ်ဆင့် ပြည်သူလူထုစိုးရိမ်ဖွယ်ရာဖြစ်စေသည့် အဖျက်လုပ်ငန်းများ စီမံမှုအကြံပြုစာများအား Signal မှတစ်ဆင့် ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **စိုင်းပိုင်စိုးနောင်(ခ) မာဝီ**သည် ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ အကြမ်းဖက်အဖွဲ့ဖြစ်သော NUG မှ Online တွင် သင်ကြားပေးသည့် အကြမ်းဖက်ဖောက်ခွဲရေးနှင့် မြို့ပြပြောက်ကျားသင်တန်းအား သင်တန်းသား ခြောက်ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **အိဖြူ**သည် ဧပြီလတွင် သန်လျင်မြို့နယ်ရှိ ရှင်မွေးလွန်းကျောင်းဝင်း၌ ပြုလုပ်သည့် အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲရေးသင်တန်းကို တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖော်ထုတ်သိရှိရ**

တရားခံ **ထင်ကျော်**သည် ABSDF တွင် ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ၉ မမ ကျည် (၇)တောင့်၊ ပွိုင့်-၂၂ ကျည် (၇)တောင့် နှင့် ဖြူ(စ်) တစ်ခုတို့ကို ဖမ်းဆီးရန်ကျန် **ဇာနည်(ခ) စောဇာနည်အောင်**ထံမှ ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ကျော်ကိုလင်း(ခ) AJ** နှင့် **စိုင်းပိုင်စိုးနောင်(ခ) မာဝီ**တို့သည် ဖောက်ခွဲရေးလုပ်ငန်းများလုပ်ဆောင်ရန် **မေရီယန်** (ဖမ်းဆီးရန်ကျန်)၏ ချိတ်ဆက်ပေးပို့သော လက်လုပ်ချိန်ကိုက်မိုင်း လေးလုံးအား သွားရောက်ယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဝင်းကိုအောင်**သည် မေ ၈ ရက်တွင် ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ သာကေတမြို့နယ်၌ ဖမ်းဆီးရမိသော PDF အဖွဲ့ဝင်များဖြစ်သည့် **ကိုကိုမောင်၊ နန္ဒစစ်အောင်** တို့နှင့်အတူ လက်လုပ်မိုင်းများ ပြုလုပ်ခြင်းနှင့် သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ရစဖရုံးအား လက်လုပ်မိုင်း ဖောက်ခွဲရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


အထက်ပါ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ် တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# KIA တပ်မဟာ(၈)နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် (MGTN PDF) အဖွဲ့ဝင်များနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိ

KIA တပ်မဟာ(၈)နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်(MGTN PDF) အဖွဲ့ဝင်များနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိ




**နေပြည်တော် စက်တင်ဘာ ၂၅**

တိုင်းရင်းသားလက်နက်ကိုင် နယ်မြေများအတွင်း အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူများ ပြန်လည်ရောက်ရှိနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်၌ KIA တပ်မဟာ(၈)နယ်မြေအတွင်း စစ်သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် **ဘိုဘိုလင်း(၁၈)နှစ်**ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဘိုဘိုလင်း၏ ထွက်ဆိုချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်အရှေ့ရပ်ကွက်တွင် **မျိုးမင်းအောင်(၃၂)နှစ်၊ သီဟချို(၂၄)နှစ်**နှင့် ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ရတနာလမ်းတွင် **ကျော်ကျော်ထွန်း(၂၁)နှစ်၊ ဟိန်းထက်အောင်(၂၁)နှစ်၊ ခင်နှင်းနွယ်(ခ)ငယ်လေး(၁၉)နှစ်၊ ဝေဝေအောင် (ခ)ပေါက်စီ(၂၉)နှစ်**တို့ကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သီဟချို၏ ထွက်ဆိုချက်အရ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်မြောက်ရပ်ကွက် ဒေါ်သိန်းတင်လမ်းတွင် **မေဇော်အောင်(၃၂)နှစ်**နှင့် အထက်မန္တလေးလမ်းတွင် **ရာကူနေမြင့်(၄၈) နှစ်ကို** ဖမ်းဆီးရမိခဲ့သည်။

တရားခံ မေဇော်အောင်၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၀)ရပ်ကွက် အနော်ရထာလမ်းတွင် **သီဟလင်း(ခ)ရဲရင့်ဟိန်း(၁၇)နှစ်၊** မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်းမြို့ဟောင်း(၅) လမ်းထိပ်တွင် **ကျော်မင်းထက်(၂၁)နှစ်၊** တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာ(၂၃)လမ်းတွင် **ကျော်ဇေယျာလင်း(၂၆)နှစ်၊ ကျော်ကိုကိုဝင်း(၂၇)နှစ်၊ ကျော်ထူးသန့်(၃၆)နှစ်၊ မင်းသူ(၂၆)နှစ်၊ အာကာဖြိုး(၂၁)နှစ်**တို့ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ သီဟလင်း၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးဗထူးအိမ်ရာ တိုက်(အေ/၃)တွင် **ခင်မြင့်မိုရ်(၂၆)နှစ်**ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ ခင်မြင့်မိုရ်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၄ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး(တောင်)ရပ်ကွက် (၉၃)လမ်းထိပ်၌ တရားခံ **ထက်ထက်အောင်(၂၉)နှစ်ကို** ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ကျား ၁၃ ဦးနှင့် မ ၅ ဦး **ပေါင်း ၁၈ ဦး** တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ထွက်ဆိုချက်အရ KIA တပ်မဟာ(၈)နယ်မြေအတွင်း ဖွင့်လှစ်သော အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း အမှတ်စဉ်(၂)တွင် **ဟိန်းထက်အောင်(ခ)တရုတ်ကြီး၊** သင်တန်းအမှတ်စဉ်(၄)တွင် **ကျော်ဇေယျာလင်း၊ ကျော်ကိုကိုဝင်း၊ မင်းသူနှင့် ကျော်ထူးသန့်၊** သင်တန်းအမှတ်စဉ်(၆)တွင် **ခင်မြင့်မိုရ်၊ သီဟလင်း၊ ခင်နှင်းနွယ်၊ ဝေဝေအောင်၊ ကျော်ကျော်ထွန်း၊ ကျော်မင်းထက်၊ မျိုးမင်းအောင်၊ သီဟချို၊ ဘိုဘိုလင်းနှင့် အာကာဖြိုး**တို့ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများသည် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မေလ(တတိယပတ်)တွင် Mingalar Taung Nyunt PDF (MGTN PDF)အဖွဲ့အား ဖွဲ့စည်းခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ငွေကြေးအား မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးရန်အောင်က ထောက်ပံ့ပေးလျက်ရှိကြောင်း၊ MGTN PDF Facebook Page မှတစ်ဆင့် ငွေကြေးကောက်ခံ၍ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၈ ရက်တွင် **ဆံရှည်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဘီးလူး၊ မိုးထက်၊ ပြည့်ဖြိုး၊ ဇော်မင်း**တို့သည် အထက(၁)မင်္ဂလာတောင်ညွန့် ကျောင်းဝင်းအတွင်း၌ လက်လုပ်ချိန်ကိုက်မိုင်း ၂ လုံးကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ယာဉ်ထိန်းရုံး မီးပွိုင့်၌ လက်လုပ်ချိန်ကိုက်မိုင်း ၂ လုံးကိုလည်းကောင်း ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၁၈ ရက်တွင် **ဆံရှည်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဘီးလူး၊ မိုးထက်၊ ပြည့်ဖြိုး၊ ဇော်မင်း**တို့သည် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ယောမင်းကြီးလမ်း တိုက်(၄၅)၌ ချိန်ကိုက်မိုင်း ၁ လုံး ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဇွန် ၁ ရက်တွင် **ဆံရှည်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဇော်မင်း၊ မန်ကျည်း**တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ သျှီလာစတိုးတွင် လက်လုပ်မိုင်း ၁ လုံး ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံဖြစ်သော **ရာကူနေမြင့်** (နိုင်/ကျဉ်းဟောင်း)သည် We Love Mingalar Taung Nyunt အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဆူပူဆန္ဒပြအဖွဲ့များနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းပြုလုပ်သူများကို ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသူဖြစ်ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် MGTN PDF အဖွဲ့ဝင်များအား ၎င်းက ချိတ်ဆက်ပေး၍ အဖျက်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**


အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန်မေတ္တာရပ်ခံအသိပေးထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်




မေလ ၈ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ယာဉ်ထိန်းမီးပွိုင့်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ

# ထားဝယ်ခရိုင်အတွင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ရာတွင် ပါဝင်သူ တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား




☆ **ကျော့ဖုံးမှ**

ဖမ်းဆီးရမိတရားခံ နိုင်ဦး၏ထွက်ဆိုချက်အရ စက်တင်ဘာ ၁၉ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဂန္ဓမာလမ်းနေ **လေးလေးနွယ်**(၄၂ နှစ်) ကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် (၂)လမ်းနေ **အောင်သူလတ်** (၃၄ နှစ်) ကိုလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ဆန်းချည်ရပ်ကွက်နေ **ယွန်းကလျာဦး** (၂၇ နှစ်)နှင့် ဘုမ္မော်ရပ်ကွက်နေ **နှင်းနန္ဒာအောင်** (၃၀ နှစ်)တို့ကိုလည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် အောင်ဆွေဒဂုံလမ်းနေ **သက်ပိုင်ဦး** (၂၈ နှစ်)ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သက်ပိုင်ဦး၏ ထွက်ဆိုချက်အရ ရေဖြူမြို့နယ် ကျောက်ထောင့်ကျေးရွာဘုန်းကြီးကျောင်းတွင် ခိုအောင်းနေသည့် **စိုင်းမင်းသူ** (၃၈ နှစ်)၊ **အတာစိုး** (၃၉ နှစ်)၊ **ဝင်းကျော်**(၃၅ နှစ်)၊ **အောင်နိုင်ထွန်း** (၅၂ နှစ်)၊ **ကိုဦး** (၃၇ နှစ်)၊ **မြတ်စိုး** (၄၇ နှစ်)၊ **အောင်ဖြိုး** (၃၃ နှစ်)၊ **ဝင်းအောင်** (၃၇ နှစ်)၊ **တင်ထွန်း** (၄၈ နှစ်)တို့ ကိုးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုင်းမင်းသူ၏ ထွက်ဆိုချက်အရ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်နေ **ထွန်းထွန်းဦး** (၃၈ နှစ်)နှင့် **မင်းဆက်မှူး** (၂၁ နှစ်)တို့နှစ်ဦးကို လက်လုပ်သေနတ်အတို တစ်လက်၊ ကိုးလုံးကျည် နှစ်တောင့်၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထွန်းထွန်းဦး၏ ထွက်ဆိုချက်အရ ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်နေ **ရာဇာထွန်း**(၂၄ နှစ်)၊ မျိုးကျော်(၂၂ နှစ်)၊ ကျော်မင်းဦး(၂၂ နှစ်)နှင့် **ကျော်စွာလင်း** (၄၆ နှစ်) တို့ လေးဦးကို ပွိုင့်-၂၂ သေနတ်အရှည် သုံးလက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ်အတို တစ်လက်၊ တစ်လုံးထိုးသေနတ် အရှည် သုံးလက်၊ ကိုးလုံးကျည် နှစ်တောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စိန်ရောင်ခြည် အသံမိုင်း လေးလုံး၊ မူးယစ်ဆေးဝါးများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံများ **ဖမ်းဆီးရမိမှုအနေဖြင့် ကျား ၂၀၊ မ သုံးဦး ပေါင်း ၂၃ ဦး** ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ အနေဖြင့် **လက်လုပ်သေနတ်အတို တစ်လက်၊ ပွိုင့်-၂၂ သေနတ် အရှည် သုံးလက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ်အတို တစ်လက်၊ တစ်လုံးထိုး သေနတ်အရှည် သုံးလက် ပေါင်း ရှစ်လက်၊ ကိုးလုံးကျည် လေးတောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စိန်ရောင်ခြည် လေးလုံးနှင့် မူးယစ်ဆေးဝါးများ** သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၉ ရက်တွင် တိုင်းဒေသကြီး တိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်း ပညာရေးနှင့် လေ့ကျင့်ရေးဌာန ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဒန်နှင့် ယာဉ်မောင်း ဝေလင်းအောင်တို့ နှစ်ဦးကို ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဆိပ်ကမ်းလမ်းရှိ တိုင်းဒေသကြီး တိုင်းရင်းသားဖွံ့ဖြိုးရေး သင်တန်းကျောင်း အနောက်ဘက်တွင် ဖမ်းဆီးရန်ကျန်တရားခံများ ဖြစ်သော **အောင်ခိုင်၊ ဝေဒီဂန်း၊ ဆုမာလေး၊ ဖုန်းမဲ၊ ခိုင်ခိုင်မာ၊ ထိုက်ထိုက်၊ ကောင်းထက်ဇော်၊ မြတ်ကျော်သူ၊ အောင်ပိုင်ဦး**တို့နှင့်အတူ သက်ပိုင်ဦး၊ မင်းဆက်မှူးတို့က လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ စက်တင်ဘာ ၂၀ ရက်တွင် ထားဝယ်မြို့ ပိန္နဲတော ရပ်ကွက် ရွှေတောင်စားဘုရားလမ်း မလိငပိတည်းခိုခန်းရှေ့၌ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဘုမ္မော်ရပ်ကွက်စာရေး ဒေါ်စန်းစန်းဝေအား ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ကောင်းထက်ဇော်၊ မြတ်ကျော်သူ** တို့နှင့်အတူ ထွန်းထွန်းဦး၊ ရာဇာထွန်းနှင့် မင်းဆက်မှူးတို့က မူးယစ် ဆေးဝါးများသုံးစွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက် သတ်ဖြတ်မှုများ ဆောင်ရွက်ခြင်းမှာ တိုင်းဒေသကြီး တိုင်းရင်းသား ဖွံ့ဖြိုးရေးသင်တန်းကျောင်းအနီး၌ ပုန်းခိုနေစဉ် ဦးသောင်းဒန်နှင့် ဝေလင်းအောင်တို့က CDM ပြုလုပ်ခြင်းမရှိသောကြောင့် သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဒေါ်စန်းစန်းဝေမှာလည်း CDM ပြုလုပ်မှုမရှိဘဲ ပြည်သူ လူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက် နေသောကြောင့် ဒလန်ဟုသတ်မှတ်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

လုပ်ကြံသတ်ဖြတ်ရေးအတွက် လိုအပ်သော လက်နက်/ခဲယမ်းများ ဝယ်ယူနိုင်ရန်အတွက် အောင်သူလတ်၊ ယွန်းကလျာဦး၊ နှင်းနန္ဒာအောင် နှင့် လေးလေးနွယ်တို့က ငွေကြေးထောက်ပံ့ပေးခဲ့ပြီး NLD ပါတီမှ ထားဝယ်မြို့နယ်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် **ဇော်လေး** (ဖမ်းဆီးရန်ကျန်) သည် ထားဝယ်မြို့နေ **အိုက်စိုး** (ဖမ်းဆီးရန်ကျန်)နှင့် မေတ္တာမြို့နေ **အောင်အောင်** (ဖမ်းဆီးရန်ကျန်)တို့နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်း များ ဝယ်ယူခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်နက်/ခဲယမ်းများကို နိုင်ဦး၊



လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

ထွန်းဝေနှင့် ဆက်ဦးတို့က သွားရောက်သယ်ဆောင်၍ လုပ်ကြံရေးအဖွဲ့ဝင်များဖြစ်သော ထွန်းထွန်းဦး၊ ရာဇာထွန်း၊ သက်ပိုင်ဦး၊ စိုင်းမင်းသူ နှင့် မင်းဆက်မှူးတို့ထံ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


ထိုသို့ အပြစ်မဲ့ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို လုပ်ကြံ သတ်ဖြတ်ရန်နှင့် ဒေသတွင်း ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန် အဓိကစီစဉ်ညွှန်ကြားသူမှာ NLD ပါတီမှ ထားဝယ်မြို့နယ် မဲဆန္ဒနယ် (၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်သူ **မိုးမိုးသူ** (ဖမ်းဆီးရန်ကျန်)နှင့် NLD ပါတီမှ ထားဝယ်မြို့နယ်၊ အလုပ်အမှုဆောင် အဖွဲ့ဝင် **ဇော်လေး** (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိ ရသည်။

အထက်ပါ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူ နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာ များ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာလုံးတစ်ထောင် ကာတွန်းတစ်ကွက်

မြင့်မြတ်သီတာ



ကြေးမုံသတင်းစာတွင် ကာတွန်းဆရာကြီး ဦးဖေသိန်း ပင်တိုင်ရေးဆွဲခဲ့သည့် “ကြေးမုံနီတိ” ကာတွန်းလက်ရာများမှာ စာဖတ်ပရိသတ် မဖတ်ရ မနေနိုင်လောက်အောင် ဆွဲဆောင်မှုကို ဖြစ်စေခဲ့သည်။

မြန်မာအဘိဓာန်တွင် ကာတွန်းဆိုသည်မှာ (၁) အများအားဖြင့် သရော်သည့်အနေဖြင့် အချိုးအစား ပြောင်းလဲရေးဆွဲထားသောရုပ်ပုံ၊ ရုပ်ပြောင်။ (၂) လက်ဖြင့်ရေးဆွဲခတ်ပုံရိုက်ယူသော ရုပ်ရှင်ကား (လိပ်) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

“ကာတွန်း” ဟူသည် အရုပ်ဖြင့် သရုပ်ပေါ်အောင်ရေးဆွဲ၍ ဆိုလိုရင်းကို ဒက်ခနဲညွှန်းပြနိုင်သည့်ပညာရပ်ဖြစ်ပါသည်။ အရုပ်ကလေးများဆွဲတတ်ရုံဖြင့်မရပါ။ ကာတွန်းဆွဲမည့်သူသည် ကမ္ဘာ့အကြောင်း၊ မြန်မာ့အကြောင်း လေ့လာဆည်းပူး၍ မြင်တတ်၊ ကြည့်တတ်ရမည်။ ဒေသန္တရဗဟုသုတလည်းရှိပြီး ဘက်ပေါင်းစုံမှ စိတ်ကူးမျိုးစုံ စုံရပါမည်။ အဓိက ပန်းချီအမြင်ရှိပြီး ပန်းချီပညာကို အနည်းဆုံး တီးမိခေါက်မိရန်လိုပါသည်။

**ပွဲဦးထွက်ပုံနှိပ်ဖော်ပြ**

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် ကာတွန်း ခေါ် သရော်၊ ခနဲ့ရင်း ပညာပေးလမ်းပြသောရုပ်ပြောင်များ ခေတ်စားသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို အလှဆင်ရာ၌လည်း သတင်းဓာတ်ပုံ၊ စာလုံးပုံသဏ္ဍာန်စုံ၊ အရွယ်စုံ၊ ခေါင်းစီး၊ ဒီဇိုင်း၊ သရုပ်ဖော်ပုံများနည်းတူ အရေးပါသော အလှပြင်ပစ္စည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်က မြန်မာပြည်မီးရထားဌာနမှ အရာရှိ မစ္စတာမာတင်ဂျုံးစ် ရေးဆွဲသောကာတွန်းကို ပထမဆုံးပုံနှိပ်ဖော်ပြခဲ့သည်ဟု ဆိုရပါမည်။ ၁၉၁၄ ခုနှစ် ရန်ကုန်တိုင်းမ်သတင်းစာ ခရစ္စမတ်နေ့အထူးထုတ် Rangoon Christmas Number 914 တွင် မာတင်ဂျုံးစ်၏ ရုပ်ပြောင်ကာတွန်းကို ပွဲဦးထွက်ပုံနှိပ်ဖော်ပြခဲ့သည်။

မစ္စတာမာတင်ဂျုံးစ်သည် မြန်မာပန်းချီကလပ်စတင်တည်ထောင်ရာမြန်မာအချို့သည် ၎င်းထံမှ ပန်းချီပညာလေ့လာသင်ယူခဲ့ကြရသည်။ ယင်းတို့တွင် နောင်အခါထင်ရှားကျော်ကြားပြီး ပန်းချီဆရာ၊ ကာတွန်းဆရာများဖြစ်လာကြမည့် ဦးဘညွန့်၊ ဦးဘဇော်၊ ဦးငွေကိုင်၊ ဦးအုန်းလွင်၊ ဦးစံဝင်း၊ ဦးသက်ဝင်း၊ ဦးမြ၊ ကာတွန်းဦးဟိန်စွန်း၊ အလင်္ကာကျော်စွာကာတွန်းဦးဘဂျမ်းတို့ပါဝင်သည်။ ရန်ကုန်တိုင်းမ်သတင်းစာ၏ ခရစ္စမတ်အထူးထုတ်စာစောင်တွင် မစ္စတာမာတင်ဂျုံးစ်၏ ကာတွန်းရုပ်ပြောင်များကို နှစ်စဉ်(၁၀ နှစ်ခန့်ဆက်၍) ဖော်ပြခဲ့သည်။

မြန်မာသတင်းစာတွင် မြန်မာကာတွန်းဆရာ၏ ရုပ်ပြောင်ကာတွန်းကို ၁၉၁၇ ခုနှစ် မတ်လထုတ် သူရိယမဂ္ဂဇင်း၌ စတင်ဖော်ပြခဲ့သည်။ ကာတွန်းရေးဆွဲသူမှာ ဦးဘကလေးဖြစ်သည်။ ဦးဘကလေး၏ ပွဲဦးထွက်ကာတွန်းပုံမှာ ရှေးရိုးဆန်သောအဒေါ်အပျိုကြီးက ခေတ်ဆန်ဆန်တူမပျိုအား ဤသို့ပြောဆိုဆုံးမနေပုံဖြစ်သည်။ ယင်းမှာ –

“ညည်းတို့ ကာလသားသမီးများဟာ အင်္ကျီပါးဝတ်ချင်ရတာနဲ့၊ မြင်းပွဲသွားချင်ရတာနဲ့၊ ဓာတ်ပွဲသွားချင်ရတာနဲ့၊ ရုံပွဲသွားချင်ရတာနဲ့၊ ဝတ္ထုဖတ်ချင်ရတာနဲ့၊ ရည်းစားထားရတာနဲ့၊ တကတည်းတော် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ ညည်းတို့ကာလကျမှ မှန်တော့တာပဲ” ဟူ၍ဖြစ်သည်။

**ဦးရွှေရိုးအက**

ကာတွန်းဦးဘကလေးက ရုပ်ပြောင်တွင် ရေးဆွဲသူအမည် မဖော်ပြဘဲ ‘လေးမြား’ ပုံအမှတ်အသားဖြင့်သာ ဖော်ပြခဲ့သည်။ နောင်ကာတွန်းများတွင် ‘ရွှေတလေး’ ဟူသောအမည်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာတို့ဖြင့် လက်မှတ်ရေးထိုးထားသည်။ ကာတွန်းဦးဘကလေးသည် သန်ရိုးကုမ္ပဏီတွင် ဈေးလာဝယ်သူများ၏ ပုံတူတစ်ကြောင်းဆွဲပုံကြမ်းများ ရုတ်ခြည်းရေးဆွဲကာ လက်ဆောင်ပေးနေရင်း တစ်နေ့ ပုံကြမ်းတစ်ပုံကို ပန်ချာပီတစ်ဦးအား လက်ဆောင်ပေးခဲ့သည်။ ထိုပုံကို ဖောက်ထိုးကြည့်သောအခါ ပန်ချာပီပုံဖြစ်နေသဖြင့် ပန်ချာပီက လက်ဖျားခါ ချီးကျူးသွားရသည်ဟု မှတ်သားခဲ့ရဖူးပါသည်။ ဦးဘကလေးသည် ‘တောမြိုင်စွန်းက လွမ်းအောင်ဖန်’ ဇာတ်ကားတွင် ‘ဦးရွှေရိုး’အမည်ဖြင့် ရှေးမြန်မာအဘိုးအိုသဏ္ဍာန်သရုပ်ဆောင်ခဲ့ရာ ယနေ့တိုင် မြန်မာတို့၏အလှူမင်္ဂလာပွဲတို့တွင် ဦးရွှေရိုးအကသည် မပါလျှင်မပြီးသော ကဟန်သစ်တစ်ခုအဖြစ် ထင်ကျန်ရစ်ခဲ့ရသည်။ ဦးဘကလေးသည် ရုပ်ပြောင်းရုပ်လွှဲတတ်မြောက်ထားသူပီပီ ရုပ်ရှင်ကားထဲ၌ တစ်ယောက်တည်းနှင့် ပုံစံအမျိုးမျိုးသရုပ်ဆောင်ခဲ့သည်ဟု မှတ်သားခဲ့ရပါသည်။

စစ်ကြိုခေတ် မြန်မာ့အလင်းသတင်းစာ၊ သူရိယသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ရုပ်ပြောင်ကာတွန်းများ လှိုင်လှိုင်ထည့်၏။ ရေးဆွဲသူများမှာ– ဦးဘကလေး– ရွှေတလေး၊ ဦးဟိန်စွန်းနှင့် ဦးဘဂျမ်းတို့ဖြစ်သည်။ ရသေ့ကြီးဖျောက်ဆိတ်၊ မောင်မြေဇာတို့မှာ ဦးဘဂျမ်း၏ ဇာတ်ကောင်များဖြစ်ကြသည်။ ဦးဟိန်စွန်း၏ ထင်ရှားသော ကာတွန်းဇာတ်ကောင်မှာ ကိုခွေးဖြစ်သည်။ စစ်ပြီးခေတ်နောက်ပိုင်း ကာတွန်းရုပ်ပြောင်များကို ကိုယ်ပိုင်ဟန်ကိုယ်စီဖြင့် ရေးဆွဲကျော်ကြားခဲ့သူများမှာ ဦးဘဂျမ်း၊ ဦးဖေသိန်း၊ ဦးကျော်ဆန်း (ကဆ)၊ ဦးဘထွေး၊ ဦးနှင်းဦး၊ ဦးစိန်၊ ဦးအောင်ရှိန်၊ ဦးဘကလေး စသည်တို့ဖြစ်သည်။ ထိုဆရာကြီးများ၏နောက်ပိုင်း ထွန်းတောက်လာသောကာတွန်းဆရာများမှာ မြေဇာ၊ ငွေကြည်၊ ဗိုလ်မောင် (မန္တလေး)၊ ကံချွန်၊ မောင်မောင်၊ ရွှေမင်းသား တင်ထွတ်၊ တင်အောင်နီ၊ ဝဏ္ဏ၊ သစ်ထွဏ်း စသည်တို့ဖြစ်သည်။ ထို့နောက် ကိုရွှေထူး(ပြည်)၊ စိုးသော်တာ၊ မောင်မောင်ညှက်၊ စောမင်းဝေ၊ ထက်မိုး၊ နိုင်လင်း စသည်ဖြင့် လူငယ်ကာတွန်းဆရာများလည်း အောင်မြင်ခဲ့ကြသည်။

**ကာတွန်းအတတ်ပညာဖြင့် စွမ်းဆောင်**

ဆရာကြီးဦးဖေသိန်းက ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် ဘာသာရေးနှင့်ပတ်သက်ပြီး ‘၃၈–ဖြာမင်္ဂလာ’ ဟူသောကာတွန်းပဒေသာစာအုပ်ကြီးကို ရေးဆွဲထုတ်ဝေခဲ့သည်။ ဆရာကြီးသည် ကလေး၊ လူကြီးနားလည်လက်ခံနိုင်စေရန် ‘၃၈–ဖြာ မင်္ဂလာ’အပြင် ငါးပါးသီလကာတွန်းပဒေသာနှင့် တရားတော်လာပုံပမာ (၁) (၂) စသည့်စာအုပ်များလည်း ထုတ်ဝေ၍ ကာတွန်းပညာမှတစ်ဆင့် ဘာသာရေးအသိတရားများလည်း ရရှိစေခဲ့ပါသည်။ ဘာသာယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးအတွက် အခြေခံကောင်းများရရှိစေနိုင်သော စာအုပ်လေးများသည် စာဖတ်သူလူငယ်၊ လူကြီးအားလုံး စိတ်ဝင်စားလာအောင် မင်္ဂလာတရားတော်များ၏ အဓိပ္ပာယ်များကို ရုပ်ပြကာတွန်းအတတ်ပညာဖြင့် ထိရောက်စွာရိုက်သွင်းနိုင်ခဲ့သည်။ ဤသည်မှာ ကာတွန်းအတတ်ပညာဖြင့် စွမ်းဆောင်နိုင်စွမ်းအားပင်ဖြစ်သည်။ သို့ဖြစ်၍ ဆရာကြီး၏ “၃၈– ဖြာမင်္ဂလာကာတွန်းပဒေသာ” စာအုပ်မှာ အောင်မြင်ကျော်ကြား လူကြိုက်များလှ၍ အကြိမ်ကြိမ်ပြန်လည်ရိုက်နှိပ်ခဲ့ရပါသည်။

ကြီးကြီးငယ်ငယ်စာဖတ်သူများမှာ ကာတွန်းထဲရှိ ကာတွန်းဇာတ်ကောင်များကို ချစ်ခင်နှစ်သက်စွာ လက်ခံကြသည်။ ကာတွန်းဆရာ တစ်ယောက်နှင့်တစ်ယောက်

**စာမျက်နှာ ၁၉ သို့** ✻



၁၉၆၉ ခုနှစ် ဧပြီလ ၂၀ နေ့တွင်ပါရှိသည့် ကြေးမုံသတင်းစာတွင် ကာတွန်းအောင်ရှိန်ရေးဆွဲသည့် ကြေးမုံခင်ကာတွန်းကို စာဖတ်ပရိသတ်များအား မူရင်းကာတွန်းလက်ရာအတိုင်း အလွမ်းပြေပြန်လည်ဖော်ပြလိုက်ပါသည်

# ကျောင်းသားအရွယ်တွေကာကွယ်ဆေး မထိုးရသေးမီကာလမှာ သူတို့နဲ့အနီးကပ်ထိတွေ့နေရတဲ့ မိဘ၊ ဆရာတွေ၊ မိသားစုဝင်တွေ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်းခံယူထားရင် ကလေးတွေကို ထိရောက်စွာ အတိုင်းအတာတစ်ခု အထိ ကာကွယ်မှုတွေပေးထားနိုင်တာလည်း ဖြစ်ပါတယ်

ဒေါက်တာသန်းနိုင်စိုး

ထက်လျှို

ကျောင်းများပြန်ဖွင့်ချိန်တွင် ကိုဗစ် – ၁၉ လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်သင့်ပုံနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။

**မေး။ ။ ကျောင်းတွေပြန်ဖွင့်တဲ့အခါ ကလေးတွေ လိုက်နာဆောင်ရွက်သင့်တဲ့ အချက်တွေကို အိမ်မှာ ဘယ်လိုလေ့ကျင့်ပေးထားသင့်တယ်ဆိုတာကို ပြောကြားပေးပါ။**

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလမှာ ကလေးတွေ ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးရမယ့်အပိုင်းတွေရှိသလို တစ်ဖက်ကလည်း ကလေးတွေကို ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းတွေနဲ့အညီ နေထိုင်တတ်အောင် မိဘတွေအနေနဲ့ အနီးကပ်သင်ကြားပေးရမယ့် အပိုင်းတွေရှိပါတယ်။ မိဘတွေက ကလေးတွေကို အိမ်မှာတတ်နိုင်သလောက် စာတွေသင်ပေးမယ်၊ အွန်လိုင်းက သင်မယ်ဆိုရင်လည်း စနစ်တကျဖြစ်အောင် ဂရုစိုက်ပေးမယ်။ ကိုဗစ်-၁၉ ရောဂါက ကြောက်လန့်ပြီး အားငယ်ထိတ်လန့်နေရမယ့် ရောဂါမဟုတ်ပါဘူး။ ဘယ်လိုကြိုတင်ကာကွယ်လို့ရတယ်ဆိုတဲ့ ကာကွယ်ရေးနည်းလမ်းတွေကို မူကြိုအရွယ်အနေနဲ့ သိတတ်နေပြီဖြစ်တဲ့အတွက် ကလေးတွေကို အိမ်မှာသင်ကြားပေးရမှာ ဖြစ်ပါတယ်။

### သင်ကြားပေး

ပထမဦးဆုံး Mask ကို ဘယ်လိုတပ်ရမယ်ဆိုတာ သင်ကြားပေးရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက Mask တပ်တာနဲ့ ပတ်သက်တဲ့ ပိုစတာတွေ ထုတ်ထားတာရှိပါတယ်။ Surgical Mask ကို အသုံးပြုမယ်ဆိုရင် အရောင်ပိုရင့်တဲ့ အပိုင်းကို အပြင်မှာထား၊ ကြိုးကပဲကိုင်၊ သတ္တုချောင်း ပါတာကို နှာခေါင်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် တပ်၊ လက်မဆေးဘဲ Mask ကို မကိုင်နဲ့၊ စုတ်ပြဲနေရင် မတပ်နဲ့စသဖြင့် သင်ကြားပေးရမှာ ဖြစ်ပါတယ်။ အိမ်မှာနေရင်း ကလေးတွေနဲ့ Mask တပ်တမ်းကစားတာ စသဖြင့်ကလေးတွေကို Mask တပ်ပြီးနေတာနဲ့ ရင်းနှီးကျွမ်းဝင်အောင် သင်ကြားပေးထားရမှာဖြစ်ပါတယ်။ အိမ်မှာနေရင်း Mask တပ်တမ်းကစားထားတဲ့ကလေးက ကျောင်းကိုရောက်တဲ့အခါ Mask တပ်ရတာ သူ့အတွက် မစိမ်းတော့ပါဘူး။

ကလေးတွေမှာ မူလတန်း/အလယ်တန်း အရွယ်လောက်အထိက ဈေးကွက်ထဲမှာရှိနေတဲ့ Mask တွေနဲ့ အံဝင်ခွင်ကျမဖြစ်တတ်ဘူး။ ကွက်တိမကျဘူး ဖြစ်နေတတ်ပါတယ်။ ဒီလိုဖြစ်နေရင် ချည်သားနဲ့ နှစ်ထပ်ချုပ်လုပ်ထားတဲ့ အဝတ် Mask နဲ့ အပေါ်ကထပ်ပြီး အုပ်ထားလိုက်ရင်၊ အောက်က Mask က ချောင်နေရင်တောင် အံဝင်ခွင်ကျ fit ဖြစ်သွားပါတယ်။ Surgical Mask တစ်ထပ်၊ အပေါ်က ချည်သားအဝတ် Mask တစ်ထပ် နှစ်ထပ်ဖြစ်ပါမယ်။ အချို့က အိမ်မှာဒီလိုသေချာ ကြိုတင်လေ့ကျင့်မထားတော့ ကလေးက ကျောင်းသွားတဲ့အခါမှ Mask တပ်ရတော့ မနေတတ်ဖြစ်မယ်၊ Mask ကချောင်နေရင်လည်း သေချာကာကွယ်မှုမရဖြစ်တတ်ပါတယ်။ ဒါကြောင့် Mask တပ်နည်းကို အိမ်မှာကတည်းက သင်ကြားပေးဖို့လိုပါတယ်။




နောက်တစ်ခုက လက်ဆေးနည်းဖြစ်ပါတယ်။ ကလေးကို ကဗျာလေးတွေနဲ့ လက်ကို စက္ကန့် ၂၀ ကြာအောင်ဆေးမယ်။ အမြှုပ်ကလေးတွေထွက်လာတဲ့အထိ ဆေးမယ်။ ဖဝါး၊ ဖမိုး လက်ခေါက်ချိုး၊ လက်ကြားလက်မ မကျန်စေရ၊ ကုတ်၍ ခြစ်ပါ လက္ခဏာ၊ လက်ကောက်ဝတ်မှာ အဆုံးသတ်ပါ ဒီလိုလေးတွေ ရွတ်ဆိုသင်ကြားပေးမယ်။ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက် ကစားတဲ့အခါ နီးနီးကပ်ကပ်မကစားဖို့ ဒါတွေကို မိဘတွေက ကြိုတင်သင်ကြားပေးဖို့လိုပါတယ်။ ခဲဖျက်တွေ၊ ခဲတံ စတာတွေကို အခြားသူတွေနဲ့ မျှဝေမသုံးဖို့၊ လက်မဆေးဘဲ နှာခေါင်းပါးစပ်ကို မကိုင်မိဖို့၊ ဒါတွေကို အခုကတည်းက လေ့ကျင့်သင်ကြားထားဖို့လိုပါတယ်။

### လေ့ကျင့်သင်ကြားပေးထားဖို့လို

ဒီလိုလေ့ကျင့်သင်ကြားထားရင် ကလေးတွေ ကိုယ်တိုင်က ကာကွယ်ရေးနည်းလမ်းတွေကို မှတ်မိပြီး မိဘတွေကို ပြန်ပြီးသတိပေးရတာတွေအထိ ရှိလာပါတယ်။ ဒီလိုဖြစ်အောင် ကလေးတွေကို လေ့ကျင့်သင်ကြားပေးထားဖို့ လိုပါတယ်။ ဒါ့အပြင် ကလေးတွေကို ဂိမ်းအလွန်အကျွံမကစားဖို့၊ အိပ်ရေးဝအောင်အိပ်ဖို့၊ အစားအသောက်တွေကို အာဟာရ ပြည့်ဝအောင်၊ အားရှိအောင်စားတတ်တဲ့ အလေ့အထဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါဆိုရင် ကလေးတွေက ကိုယ်ခံအားလည်း ကောင်းမယ်၊ ကာကွယ်ရေးနည်းလမ်းတွေကိုလည်း သိရှိလိုက်နာအကျင့်ပါနေရင် ကျောင်းပြန်တက်တဲ့အချိန်မှာ အဆင်သင့်ဖြစ်နေမှာ ဖြစ်ပါတယ်။ **ဒီလိုအရွယ်ငယ်စဉ်ကတည်းက ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်တတ်တာတွေက အသက်ကြီးလာသည်အထိ အလေ့အထဖြစ်ပြီး အမြစ်တွယ်သွားမယ်ဆိုရင် မိမိတို့နိုင်ငံမှာ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝတဲ့ မျိုးဆက်သစ် လူငယ်တွေ အများကြီး ပေါ်ထွက်လာမှာဖြစ်ပါတယ်။**

**မေး။ ။ ကျောင်းပို့ ကျောင်းကြိုယာဉ်တွေအနေနဲ့ လိုက်နာဆောင်ရွက်သင့်တဲ့ အချက်တွေကို ပြောကြားပေးပါဦး။**

ဖြေ။ ။ မိဘတွေအနေနဲ့ ကလေးက နေမကောင်းဘူး၊ ဖျားနေတယ်၊ အနံ့မရဘူးဆိုရင် ကျောင်းကို လုံးဝမလွှတ်ဖို့ အရေးကြီးပါတယ်။ ကလေးကိုယ်တိုင်ဖျားတာပဲဖြစ်ဖြစ်၊ မိသားစုထဲမှာ ကိုဗစ်-၁၉ သံသယလက္ခဏာ ခံစားနေရသူရှိတာ၊ ကိုဗစ်-၁၉ အတည်ပြုလူနာနဲ့ လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း အနီးကပ်ထိတွေ့ထားသူရှိတာ အဲဒီလိုလူတွေနဲ့လည်းကလေးနဲ့ အနီးကပ်ထိတွေ့ထားတာရှိရင်၊ ကျောင်းကို ခွင့်တိုင်ကြားပြီး ကလေးကို ကျောင်းမတက်ခိုင်းပါနဲ့။ ရောဂါသံသယလက္ခဏာရှိသူနဲ့ အတည်ပြုလူနာနဲ့ ထိတွေ့မှုရှိထားသူတွေကလည်း ကျန်းမာရေးဌာနကို အမြန်ဆုံးသွားရောက်စစ်ဆေးရမှာဖြစ်ပါတယ်။ ကလေးမှာလက္ခဏာရှိရင်၊ အတည်ပြုလူနာနဲ့ အနီးကပ်ထိတွေ့မှုရှိရင် ကလေးကို ကျန်းမာရေးစစ်ဆေးပြီး ပိုးတွေ့ရှိပါက ဆေးဝါးကုသမှုတွေ စောစီးစွာ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

### ကိုယ်အပူချိန်တိုင်းတာ

ကျောင်းကြိုပို့ယာဉ်ပေါ်ကို တက်မယ်ဆိုရင် ကိုယ်အပူချိန်တိုင်းတာခြင်းကို စနစ်တကျဆောင်ရွက်ရမှာဖြစ်ပါတယ်။ အပူချိန် ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်ရင် လိုက်ပါစီးနင်းခြင်းမပြုလုပ်သင့်ဘူး။ မိဘအုပ်ထိန်းသူကို အကြောင်းကြားရမယ်။ ကျောင်းအဝင်ဝရောက်လို့ ကိုယ်အပူချိန်တိုင်းရင် ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်ရင် ကျောင်းကဝင်ခွင့်မပြုဘဲ မိဘအုပ်ထိန်းသူကို အကြောင်းကြားရမှာ ဖြစ်ပါတယ်။

**အရင်တုန်းက ကလေးတွေမှာ ဖြစ်တာနည်းတယ်လို့ ရှေ့ပိုင်းသုတေသနတွေမှာ ပြောခဲ့တာရှိပါတယ်။ ဒါပေမယ့် 'ဒယ်လ်တာ' ဗိုင်းရပ်စ်မျိုးဗီဇကွဲက ကလေးတွေကြားမှာ ဖြစ်ပွားမှုတွေ ပိုမိုများတာကို တွေ့လာရပါတယ်။ သူ့ကြောင့်ရောဂါပြင်းထန်မှုတွေ အတိုင်းအတာတစ်ခုအထိရှိလာတယ်။ သေဆုံးမှုတွေတောင် အနည်းငယ်စပြီး ရှိလာတာကို တွေ့ရပါတယ်။ ကလေးတွေမှာ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို ပေါ့ဆလို့မရဘဲ သတိပြုလိုက်နာရမှာ ဖြစ်ပါတယ်။**

ကျောင်းက စီစဉ်ထားတဲ့ ဖယ်ရီပဲဖြစ်ဖြစ်၊ အပြင်က ဖယ်ရီပဲဖြစ်ဖြစ် အဓိကအချက်အနေနဲ့ ကျောင်းကြိုပို့ယာဉ်ပေါ်မှာ ကလေးတွေက တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်မဖြစ်ဖို့၊ တစ်ခုံမှာ တစ်ယောက်ပဲထိုင်ဖို့၊ တစ်ယောက်နဲ့ တစ်ယောက် ခါးလွယ်ခုတ်အနေအထားနဲ့ထိုင်ဖို့၊ မျက်နှာချင်းဆိုင်မထိုင်ဖို့၊ အဲကွန်းယာဉ်တွေဖြစ်ရင်တောင် အဲကွန်းမသုံးဘဲ လေဝင်လေထွက်ကောင်းအောင် တံခါးတွေတတ်နိုင်သရွေ့ ဖွင့်ထားဖို့၊ ယာဉ်ပေါ်တက်တဲ့အချိန်နဲ့ ဆင်းတဲ့အချိန်မှာ တတ်နိုင်ရင် အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါတဲ့ ရေမလိုလက်သန့်စင်ဆေးရည်ကို အသုံးပြုဖို့၊ ယာဉ်နောက်လိုက်ပါခဲ့ရင် သူက Level 2 PPE ဖြစ်တဲ့ Apron, Mask, Face Shield နဲ့ လက်အိတ်တို့ကို ဝတ်ဆင်ထားဖို့လိုပါတယ်။ ယာဉ်မောင်းနဲ့ ကလေးတွေအကြားမှာလည်း ပလတ်စတစ်အကာတွေ ကာရံပေးထားရမှာ ဖြစ်ပါတယ်။

**ကလေးတွေကို ကြိုပို့တဲ့ မိဘအုပ်ထိန်းသူတွေအနေနဲ့ ကျောင်းမှာစာရင်းပေးထားတဲ့သူ တစ်ဦးတစ်ယောက်ကပဲ ကြိုပို့တာလုပ်သင့်တယ်။ အသက်အရွယ်ကြီးရင့်သူ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုစတဲ့ ရောဂါအခံရှိသူတွေက ကျောင်းပို့ကျောင်းကြိုတာတွေ မဆောင်ရွက်သင့်ပါဘူး။**

**မေး။ ။ ကလေးတွေအနေနဲ့ ကျောင်းမှာ လိုက်နာဆောင်ရွက်ရမယ့်အချက်တွေကိုပြောကြားပေးပါဦး။**

ဖြေ။ ။ ကလေးတွေကို လိုက်ပို့တဲ့သူတွေက ကျောင်းထဲကို မဝင်ရပါဘူး။ အခြားကျောင်းသားရဲ့ မိဘတွေနဲ့ ထိတွေ့မှုမဖြစ်အောင်၊ ကျောင်းရှေ့မှာ လူစုလူဝေးမဖြစ်အောင် ကျောင်းပို့ပြီးရင် ချက်ချင်းပြန်ရပါမယ်။ ကလေးတွေအနေနဲ့ တစ်ယောက်နဲ့တစ်ယောက် ၆ ပေအကွာ စနစ်တကျ တန်းစီပြီး မှဝင်ရမယ်။ စာသင်ခန်းထဲကို မဝင်ခင် အနည်းဆုံး စနစ်တကျ လက်တစ်ခါဆေးဖို့ လိုပါတယ်။ မသန်စွမ်းတဲ့ကလေးတွေပါရင် သူတို့ကို ဦးစားပေးပြီး အရင်ဝင်ရောက်စေရမှာဖြစ်ပါတယ်။

မိမိအတွက် သတ်မှတ်ထားတဲ့ခုံနေရာမှာပဲထိုင်ရပါမယ်။ မလိုအပ်ဘဲ အခြားသူငယ်ချင်းနေရာတွေကိုမသွားသင့်ဘူး။ Mask ကို တောက်လျှောက်တပ်ထားရမယ်။ စာသင်ခန်းထဲမှာ လေဝင်လေထွက်ကောင်းဖို့၊ အလင်းရောင်ကောင်းစွာရရှိဖို့၊ နေရောင်ခြည်ရရှိဖို့ လိုပါတယ်။ မျက်နှာချင်းဆိုင် ပြတင်းတံခါးတွေ ဖွင့်ထားဖို့လိုပါတယ်။ ဒါမှ တစ်ဖက်က တိုက်လာတဲ့လေက တစ်ဖက်ဖွင့်ထားတဲ့ ပြတင်းပေါက်က ပြန်ထွက်သွားမယ်။ ဒါဆိုရင် အခန်းထဲမှာ ဗိုင်းရပ်စ်ပိုးပါတဲ့ အစက်အမှုန်တွေရှိနေရင်တောင် လေနဲ့အတူပါသွားမယ်။ Mask တွေ ချွတ်မထားဖို့၊ ပါးစပ်နှာခေါင်းတွေကို လက်မဆေးဘဲ မကိုင်မိဖို့၊ ပစ္စည်းတွေကိုမျှဝေပြီး မသုံးစွဲဖို့လိုပါတယ်။

စာမျက်နှာ ၁၉ သို့ ☆

**ကလေးတွေကို ဂိမ်းအလွန်အကျွံမကစားဖို့၊ အိပ်ရေးဝအောင်အိပ်ဖို့၊ အစားအသောက်တွေကို အာဟာရ ပြည့်ဝအောင်၊ အားရှိအောင်စားတတ်တဲ့ အလေ့အထဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါဆိုရင် ကလေးတွေက ကိုယ်ခံအားလည်း ကောင်းမယ်၊ ကာကွယ်ရေးနည်းလမ်းတွေကိုလည်း သိရှိလိုက်နာအကျင့်ပါနေရင် ကျောင်းပြန်တက်တဲ့အချိန်မှာ အဆင်သင့်ဖြစ်နေမှာ ဖြစ်ပါတယ်။ ဒီလိုအရွယ်ငယ်စဉ်ကတည်းက ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်စားသောက်တတ်တာတွေက အသက်ကြီးလာသည်အထိ အလေ့အထဖြစ်ပြီး အမြစ်တွယ်သွားမယ်ဆိုရင် မိမိတို့နိုင်ငံမှာ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝတဲ့ မျိုးဆက်သစ်လူငယ်တွေ အများကြီးပေါ်ထွက်လာမှာဖြစ်**

☆ စာမျက်နှာ ၁၈ မှ

အတန်းနည်းနည်းကြီးတဲ့ ကလေးတွေမှာ အတန်းခေါင်းဆောင်အလှည့်ကျထားပြီး အသိပေးတာ၊ သတိပေးတာတွေ၊ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး အတန်းရှေ့ထွက် ပြောတာမျိုးတွေ လုပ်ဖို့ လိုပါတယ်။

မေး။ ။ မုန့်စားဆင်းချိန်တွေမှာ ဘယ်လိုအချက်တွေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ စားသောက်မယ်ဆိုရင် Mask ကို ချွတ်ရတော့မယ်။ ဒါကြောင့် ဒီအချိန်မှာ ကလေးတွေက ကိုယ့်အတွက်သတ်မှတ်ပေးထားတဲ့ နေရာမှာစားရမယ်။ စုပေါင်းပြီး မစားဖို့၊ မိမိရဲ့နေရာမှာ စားဖို့အရေးကြီးပါတယ်။ ကျောင်းမုန့်ဈေးတန်းတွေဖွင့်ဖို့ ခွင့်မပြုတဲ့ ကျောင်းတွေမှာဆိုရင် အိမ်က ထည့်ပေးလိုက်တဲ့ ရေ၊ အစားအသောက်၊ ထမင်းဘူးကို သတ်မှတ်ထားတဲ့နေရာမှာပဲ စနစ်တကျစားဖို့၊ စားသောက်ပြီးတာနဲ့ တစ်ရှူးနဲ့သန့်စင်ပြီး စနစ်တကျ စွန့်ပစ်ဖို့၊ စနစ်တကျလက်ပြန်ဆေးဖို့၊ Mask ပြန်တပ်ဖို့၊ ဒီအချိန်မှာ Mask က စိုစွတ်နေရင်၊ ညစ်ပေနေရင် အသစ်တစ်ခုနဲ့ လဲလှယ်တပ်ဆင်ဖို့ အရေးကြီးပါတယ်။ အစာတစ်ခုခုစားခါနီး လက်ကို လက်သန့်စင်ဆေးရည်နဲ့ ဆေးကြောရမယ်၊ ခြောက်တဲ့အထိ ခဏထားရပါမယ်။

**လက်သန့်စင်ဆေးရည်**

ကျောင်းမှာသုံးတဲ့ လက်သန့်စင်ဆေးရည်က ကလေးတွေကြိုက်တဲ့ အရောင်၊ အနံ့ဖြစ်နေရင် ပါးစပ်ထဲထည့်မှာစိုးတဲ့အတွက် လက်သန့်စင်ဆေးရည်က အရောင်မပါတာ၊ အစားအသောက်အနံ့တွေ မပါတာဖြစ်သင့်ပါတယ်။

မေး။ ။ အိမ်ပြန်ရာမှာ ဘယ်လိုအချက်တွေကို လိုက်နာ ဆောင်ရွက်ရမယ်ဆိုတာ ပြောကြားပေးပါ။

ဖြေ။ ။ အိမ်ပြန်ဖို့စာသင်ခန်းထဲက ထွက်တဲ့အခါ စုပြုံပြီးမထွက်ဘူး၊ စနစ်တကျ ခပ်ခွာခွာ နေပြီး ထွက်မယ်။ စာသင်ခန်းကထွက်တဲ့အခါမှာ လက်ကိုတစ်ခေါက်ထပ်ဆေးရမှာဖြစ်ပါတယ်။ မိဘတွေက ကလေးတွေကျောင်းဆင်းမယ်ဆိုရင် မဆင်းခင်ကတည်းကအပြင်မှာ အများကြီးရောက်နေပြီ။ ကားတွေ၊ လူတွေ အများကြီးစုပြုံနေပြီး ကလေးကို ကြိုကြတယ်။ ဒါတွေက လူစုလူဝေးဖြစ်တဲ့ သဘောဖြစ်တယ်။ ဒါမျိုးမဖြစ်ဖို့ အရေးကြီးပါတယ်။ ကလေးထွက်လာမယ့် အလှည့်ကို စနစ်တကျ ခပ်ခွာခွာလေးနေပြီး ကြိုသင့်တယ်။ ကလေးတွေက တစ်နေ့တာ ကျောင်းမှာ စနစ်တကျနေထိုင်ပြီး စာသင်ကြားလာတယ်၊ ကျောင်းကပြန်တဲ့ချိန်မှာ လူစုလူဝေးနဲ့ တွေ့တာမျိုး မဖြစ်စေချင်ပါဘူး။

**ဆောင်ရွက်ဖို့လို**

ကျောင်းကြိုပို့ယာဉ်ကို စီးရမယ်ဆိုရင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်ကအစ ကိုဗစ်-၁၉ စည်းကမ်းတွေလိုက်နာဖို့၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာ နေဖို့၊ လေဝင်လေထွက်ကောင်းဖို့၊ လက်သန့်စင်ဆေးရည်အသုံးပြုဖို့ ဒါတွေကို ဆောင်ရွက်ဖို့လိုပါတယ်။ ဖြစ်နိုင်ရင် ကျောင်းကြိုပို့ ယာဉ်တွေပေါ်မှာ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ သီချင်းတွေဖွင့်ပေးတာ၊ ဆပ်ပြာနဲ့ ရေအသုံးပြုပြီး လက်ဆေးတဲ့ ကာတွန်းတွေကို ပြပေးတာတွေကို လုပ်ဆောင်ပေးရင် ကာကွယ်ရေးနည်းလမ်းတွေကို ကလေးတွေအနေနဲ့ အသိပညာတွေပိုမို ရရှိလာမှာ ဖြစ်ပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။

ဖြေ။ ။ ကိုဗစ် - ၁၉ ဆိုတာ အရောင်မရှိ၊ အနံ့ အရသာမရှိဆိုတော့ ရှိမှန်းမသိနိုင်ဘူး၊ ရှိမှန်းသိနိုင်တာက ဉာဏ်ပညာဖြစ်ပါတယ်။ ဉာဏ်ပညာဆိုတာက ကျောင်းနဲ့ ပညာရေးစနစ်မှာ အခြေခံပါတယ်။ ပညာရေးစနစ်ကောင်းမှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စတဲ့နယ်ပယ်အားလုံးမှာ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံသားကောင်းတွေ၊ မျိုးဆက်သစ်တွေ အများကြီး ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ဆိုတာက ပညာရေးစနစ်က ပြန်လည်ရှင်သန်လာဖို့လိုပါတယ်။ ရောဂါကူးစက်မှုတွေ ကျဆင်းမှုအပေါ် မူတည်ပြီး နိုင်ငံတော်ကလည်း ကျောင်းတွေပြန်ဖွင့်ဖို့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ဒီလိုပြန်ဖွင့်တဲ့အချိန်မှာ ရောဂါကာကွယ်ရေး နည်းလမ်းတွေနဲ့အညီ နေထိုင်တတ်ဖို့က လက်ဦးဆရာက မိဘဖြစ်ပါတယ်။ မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကာကွယ်ရေး အစီအမံတွေ ဆောင်ရွက်နေပါတယ်။

မိဘအုပ်ထိန်းသူတွေအနေနဲ့ ကလေးတွေကို အိမ်မှာ ကာကွယ်ရေးနည်းလမ်းတွေကို သင်ပေးလိုက်ရုံတင်မကဘူး၊ ဆရာ ဆရာမတွေနဲ့ ပူးပေါင်းပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်နိုင်မယ့် ပတ်ဝန်းကျင်ကောင်းတွေကို ဝိုင်းဝန်းပြီး ဖန်တီးပေးဖို့လိုပါတယ်။ **ဆရာ ဆရာမတွေအနေနဲ့လည်း ရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကျောင်းသားတွေ ပိုမိုသိရှိလိုက်နာနိုင်ဖို့ ကျောင်းသင်ခန်းစာတွေမှာ ကိုဗစ်-၁၉ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ ကဗျာတွေ၊ စာစီစာကုံးရေးတာတွေ၊ Peer Education လို ကျောင်းသားတစ်ဦးကထွက်ပြီး အလှည့်ကျကာကွယ်ရေး နည်းလမ်းတွေကို ပြောပြစေတာတွေဆောင်ရွက်သင့်ပါတယ်။ မိဘ၊ ဆရာ ပူးပေါင်းပြီး ကလေးတွေမှာ Mask ရှိရဲ့လား၊ လက်ဆေးတဲ့ နေရာလုံလောက်ရဲ့လား၊ လေဝင်လေထွက် ကောင်းရဲ့လားစသဖြင့် လိုအပ်ချက်တွေကို ပူးပေါင်းဆောင်ရွက်ဖြည့်ဆည်းပေးဖို့လိုပါတယ်။**

**ကာကွယ်ဆေးထိုးခြင်းဖြစ်**

ဒီလို ပူးပေါင်းဆောင်ရွက်နိုင်ဖို့က မိဘတွေရော၊ ဆရာတွေကိုယ်တိုင်ရော ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်ကိုယ်တိုင်ကလည်း ကျန်းမာရေးကောင်းဖို့လိုပါတယ်။ ဒီနေရာမှာ အဓိကကျတဲ့ အချက်ကလည်း ကာကွယ်ဆေးထိုးခြင်းဖြစ်ပါတယ်။ အခုဆိုရင် ကျောင်းသားအရွယ်တွေကိုပါ ထိုးပေးနိုင်တဲ့ ကာကွယ်ဆေးတွေလည်း ရှိနေပြီဖြစ်ပါတယ်။ **ကျောင်းသားအရွယ်တွေ ကာကွယ်ဆေးမထိုးရသေးမီကာလမှာ သူတို့နဲ့အနီးကပ်ထိတွေ့နေရတဲ့ မိဘ၊ ဆရာတွေ၊ မိသားစုဝင်တွေ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းခံယူထားရင် ကလေးတွေကို ထိရောက်စွာ အတိုင်းအတာတစ်ခုအထိ ကာကွယ်မှုတွေ ပေးထားနိုင်တာလည်း ဖြစ်ပါတယ်။**

ကျေးဇူးတင်ပါတယ်။

❋ စာမျက်နှာ ၁၇ မှ

လက်ရာမတူကြချေ။ လက်မှတ်မထိုးထားသော်လည်း 'ဒါဘယ်ကာတွန်းဆရာ' ရေးဆွဲထားသည်ကို စာဖတ်သူများက ကာတွန်းပုံလေးများကြည့်၍ တန်းခနဲသိကြသည်။ "ယနေ့ကံမကောင်းပါလား" ဟူသော အသုံးအနှုန်းကိုပြောဆိုလျှင်ပင် ကွယ်လွန်သူ ဆွေမင်း(ဓနုဖြူ)၏လက်ရာ "မြိုင်ရာဇာတွတ်ပီ" ဇာတ်ကောင်၏ စကားလုံးအသုံးအနှုန်းမှန်း လူတိုင်းသိကြသည်။

ကာတွန်းရုပ်ပြောင်များကို ဂျာနယ်/ မဂ္ဂဇင်းများ၌ ရွေးချယ်ဖော်ပြရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသရော်သောကာတွန်း၊ ခေတ်ပြိုင်ကာတွန်း၊ လှုံ့ဆော်ပညာပေးကာတွန်း အသုံးများ၏။ စာတစ်လုံးမှမပါသော "စာမဲ့ကာတွန်း" များလည်း ခေတ်စား၏။ စာပါသောကာတွန်းများသည် အဓိပ္ပာယ်ကိုတစ်ခါတည်းသိနိုင်ပြီး အတွေးဆက်စရာမရှိပေ။ သို့သော် စာမဲ့ကာတွန်းသည် "ဒီကာတွန်းက ဘာကိုဆိုလိုချင်ပါသလဲ" ဆိုသည်ကိုကြည့်ပြီး စဉ်းစားတွေးခေါ်ရသည်။

**ကာတွန်းရုပ်ပြောင်များကို ဂျာနယ်/ မဂ္ဂဇင်းများ၌ ရွေးချယ်ဖော်ပြရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသရော်သော ကာတွန်း၊ ခေတ်ပြိုင်ကာတွန်း၊ လှုံ့ဆော်ပညာပေး ကာတွန်း အသုံးများ၏။ စာတစ်လုံးမှမပါသော "စာမဲ့ကာတွန်း" များလည်း ခေတ်စား၏။ စာပါသော ကာတွန်းများသည် အဓိပ္ပာယ်ကို တစ်ခါတည်းသိနိုင်ပြီး အတွေးဆက်စရာ မရှိပေ။ သို့သော် စာမဲ့ကာတွန်းသည် "ဒီကာတွန်းက ဘာကိုဆိုလိုချင်ပါသလဲ" ဆိုသည်ကိုကြည့်ပြီး စဉ်းစားတွေးခေါ်ရ**

ယနေ့ခေတ်သည် ကွန်ပျူတာခေတ်ဖြစ်၍ အချို့ကာတွန်းဆရာများသည် ဂရပ်ဖစ်ဒီဇိုင်နာဘဝသို့ ရောက်နေကြသည်။ ခေါင်းနဲ့တွေးခေါ်ပြီး လက်နဲ့ရေးဆွဲသောကာတွန်းဆရာများ နည်းပါးလာနိုင်ပါသည်။ ကာတွန်းလေးများသည် ချစ်သူမုန်းသူ ဘက်မလိုက်ဘဲ မေတ္တာစေတ်များ ကမ္ဘာကို လွှမ်းခြုံနိုင်ခြင်း၊ စာဖတ်သူများအား ပြုံးပျော်ကြည်နူးစေနိုင်ခြင်း စသည်ဖြင့် ကာတွန်းဆရာကောင်းများ များစွာပေါ်ထွက်လာမည်ဆိုပါက ကာတွန်းပညာ၊ ကာတွန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာလျှင် အကောင်းဆုံးဖြစ်သည်။

ပညာရစေနိုင်သော၊ ရွှင်ပြုံးစေနိုင်သော ကာတွန်းလက်ရာလေးများသည် စူးရှထက်မြက်သောအမြင်ရှိသည့်အားလျော်စွာ ခေတ်စနစ်အလိုက် ထိရောက်သောပြုပြင်ရေးကို ကာတွန်းဆရာများသည် ကာတွန်းအရုပ်ဆွဲပညာဖြင့် ဆောင်ကြဉ်းနိုင်ကြသူများ ဖြစ်ပါသည်။ ကာတွန်းပညာဖြင့် ကမ္ဘာမြေပေါ်တွင် ရှင်သန်နေထိုင်ကြသော လူသားများအား အပြုသဘောဝေဖန်မှုဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးထမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်သန်ပြီး တတ်ကျွမ်းသည့်ပညာဖြင့် စွမ်းဆောင်ရည်ပြသခဲ့ကြခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍ ကာတွန်း၊ ရုပ်ပြ၊ ပန်းချီထွန်းကားရေးကို အထူးတလည် အားပေးအားမြှောက်ပြုသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မှီငြမ်းကိုးကားသောစာအုပ်များ**

- **မြန်မာအဘိဓာန်**
- **ဦးဖေသိန်း၏ ၃၈ဖြာမင်္ဂလာ ကာတွန်းပဒေသာစာအုပ်**
- **သတင်းစာပညာသင်တန်း (၁/၂၀၀၇)၊ 'သတင်းစာနှင့် ကာတွန်း' သင်ခန်းစာမှတ်စု**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၆၅ ဦးနှင့် အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၁၁၃ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၈ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဝတ္ထုတို

**သာကီနွယ် (ညောင်ရမ်း)**




(၁)

"အဖေတို့ကလည်း လုပ်ချလိုက်ပြန်ပြီ။ အပေါ့၊ အလေးသွားချင်ရင် ကြိုပြောပါလို့ သေသေချာချာမှာထားရဲ့သားနဲ့။ အစ်မ ရေ လာပါဦး။ ဒီမှာ အဖေ အိပ်ရာထဲမှာ မစင်တွေ စွန့်ထားပြန်ပြီဗျာ"

နှာခေါင်းကို လက်နှင့်ပိတ်ကာ အော်ဟစ်ပြောဆိုလိုက်သည့် သားငယ်၏ စကားသံကြောင့် ဦးမြမောင်၏ တစ်ကိုယ်လုံး သေးငယ်ကျုံ့ဝင်သွားသလို ခံစားလိုက်ရ၏။

ထို့အတူ သူ့ကိုယ်သူလည်း ဘယ်နှကြိမ်မြောက်မှန်းမသိ စိတ်ပျက်လက်ပျက်ဖြစ်နေမိသည်။

အထူးသဖြင့် အစားအစာကို ကိုယ်တိုင်မစားနိုင်၊ ကိုယ့်အဝတ်အစားကို ကိုယ်တိုင်မလဲလှယ်နိုင်၊ ကိုယ့်အညစ်အကြေး ကိုယ်တိုင်မသုတ်သင်နိုင် ဖြစ်နေရသည့်ဘဝကြီးမှာ အသက်ရှင်နေရသည်ကိုပင် သူငြီးငွေ့စိတ်ကုန်လှပါပြီ။

အမှန်အတိုင်းဝန်ခံရလျှင် သူ့ဘဝမှာ ယခုလို အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားမိခဲ့ပါ။ ပြီးတော့ ယခုလို မျက်နှာမျိုးများ၊ ယခုလို စကားသံမျိုးများကို မြင်ရကြားရလိမ့်မည်ဟူ၍လည်း ယောင်၍ပင် ထင်မထားခဲ့။ သူ၏ခန္ဓာကိုယ်အတွင်းသို့ လေဖြတ်ခြင်းရောဂါဆိုသည့် မိစ္ဆာနတ်ဆိုးကြီး ပူးကပ်မခံရခင်အချိန်အထိ သူသည် သန်စွမ်းကျန်းမာသူတစ်ယောက်။ အမြဲတက်ကြွ လန်းဆန်းနေတတ်သူ တစ်ယောက်ပင်ဖြစ်သည်။

မိသားစုဝင်များ၏ ဘုရားတစ်ဆူ၊ မိသားစုဝင်များအပေါ် ဩဇာလည်း ညောင်းခဲ့သူတစ်ယောက် ဖြစ်ခဲ့သည်။ သို့ပေမယ့် ဒါတွေဟာ တစ်ချိန်က ဖြစ်ပြီး ယခုအချိန်မှာတော့ မိသားစုအပေါ် လွှမ်းမိုးချုပ်ကိုင်ဖို့ မဆိုထားနှင့်။ သူ့ခန္ဓာကိုယ်အတွင်းက ဖြစ်ပေါ်လာသည့် အဖြစ်အပျက်များကိုပင် ထိန်းချုပ်နိုင်စွမ်း မရှိတော့သည့်သူ တစ်ယောက်အဖြစ်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

အိုမင်းလာသည့် အသက်အရွယ်နဲ့ ရရှိခံစားနေရသည့် ဝေဒနာတွေက သူ၏ တချို့သော အာရုံတွေကို နှေးကွေးလေးလံစေခဲ့ကုန်ပါပြီ။

တချို့သော အကြောင်းအရာ အဖြစ်အပျက်များကိုလည်း ပျက်စီးသွားခဲ့ရပြီဖြစ်သည်။

အဆိုးဆုံးက ဆီး၊ ဝမ်းတို့ကို ထိန်းချုပ်နိုင်သည့် အာရုံကြောတို့ အလုပ်မလုပ်နိုင်ကြတော့ခြင်းပင်ဖြစ်သည်။ စိတ်နှင့် လှုပ်ရှားတုံ့ပြန်ပုံတို့ ထပ်တူမကျသည့် အခြေအနေမှာ မကြာခဏပင် အညစ်အကြေးများကို အိပ်ရာထက်မှာပင် သတိလက်လွတ် စွန့်လိုက်မိတတ်သည်။

သည်အတွက်လည်း အတူနေအိမ်သူအိမ်သားများ၏ ငြိုငြင်မှုကို မကြာခဏ သူခံခဲ့ရသည်။ အထူးသဖြင့် သူ့သားသမီးများ၏ ပြစ်တင်ပြောဆိုမှုကို မကြာခဏပင်ခံနေရ၏။ ထိုသို့ခံရသည့် အခါတိုင်းမှာလည်း သိမ်ငယ်ခြင်း၊ ဝမ်းနည်းခြင်းတို့က သူ့ရင်ထဲသို့စိမ့်ဝင်လာတတ်ကြ စမြဲပင်ဖြစ်၏။

အိုမင်းမစွမ်း ရောဂါသည် တစ်ယောက် ခံစားနေရသည့်ဒုက္ခတွေက များလွန်းလှသည်။

အဆိုးဆုံးက မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေရပြီဆိုသည့် စိတ်ခံစားမှုက သူ့ကို များစွာအနေရခက်စေသည်။ အနေရခက်စေရုံသာမက တစ်ခါတစ်ရံ၌ သူရရှိထားသည့် လူ့အဖြစ်ကိုပင် စိတ်ပျက်လက်ပျက် ဖြစ်စေခဲ့သည်။ ထို့အတူ အသက်ရှင်ရရုံသက်သက် လူဖြစ်ရခြင်းသည် ငြီးငွေ့စိတ်ပျက်စရာ ဘယ်လောက်ကောင်းတယ်ဆိုတာကို သူကောင်းကောင်းကြီးသိခဲ့ရပါပြီ။

တကယ်လည်း ငယ်ရွယ်နုပျိုမှု၊ တက်ကြွလန်းဆန်းမှုတွေ မရှိတော့သည့် လူတစ်ယောက်အတွက် နေ့ရက်တိုင်းဟာ စိတ်ပျက်အားငယ်စရာတွေချည်းပင်ဖြစ်သည်။

အထူးသဖြင့် မီးစာကုန်ဆီခန်းလို့ ကိုယ့်ကိုယ်ကိုယ်ထူမတ်ဖို့တောင် မတတ်နိုင်တော့သည့် လူတစ်ယောက်အတွက် အသက်ရှင်သန်မှုဆိုတာ ဘာမှကို အဓိပ္ပာယ်မရှိတော့သည့် ကိစ္စတစ်ခု၊ ဘာမှအသုံးမဝင်တော့သည့် ကိစ္စတစ်ခု ဖြစ်သည်ဆိုတာ အခုအချိန်မှာ သူ သေသေချာချာကြီး သိနေခဲ့ရပါပြီ။

အမှန်အတိုင်းဝန်ခံရလျှင် မျှော်လင့်ချက်မယ့်နေတဲ့ နေ့ရက်တွေထဲမှာ တစ်ရက်လေးတောင် သူအသက်မရှင်သန်ချင်တော့တာအမှန်ပါ။ လမ်းဘေးမှာ စွန့်ပစ်ခံထားရသည့် ရေသန့်ဘူးခွံ၊ ဘီယာဘူးခွံတွေလောက်တောင် မိသားစုနှင့် ကမ္ဘာမြေကြီးကို ဘာတစ်ခုမှ အကျိုးမပြုနိုင်တော့သည့် လူတစ်ယောက်အဖြစ်နှင့် သူ့အသက်ကို တစ်စက္ကန့်လေးတောင် ဆက်ပြီးမရှင်သန်ချင်တော့ပါ။

အသက်ရှင်လျက် သေဆုံးနေရသည့် နေ့ရက်တွေကို သူငြီးငွေ့စိတ်ပျက်မုန်းတီးလှပါပြီ။ ခုတင်အိုကြီးပေါ်မှာ ငြီးငွေ့စရာကောင်းလောက်အောင် လဲလျောင်းငြိမ်သက်နေခဲ့ရသည့် အချိန်တွေ၊ ခန္ဓာကိုယ်ကြီးကပေးသည့် နာကျင်မှုတွေ၊ စိတ်ထဲက ယိုစိမ့်ထွက်ကျလာတတ်သည့် နာကျင်မှုတွေဆီကနေ ရှောင်ကွင်းလွတ်မြောက်ချင်နေခဲ့ပါပြီ။

သေဆုံးခါနီး ဖယောင်းတိုင်ဟာ ပိုပြီး လောင်ကျွမ်းခံရတတ်သလိုမျိုး တမြည့်မြည့် လောင်ကျွမ်းခံနေရသည့် နေ့ရက်တွေထဲကနေ ထွက်ပြေးလွတ်မြောက်ချင်နေခဲ့ပြီဟု ဆိုလျှင်တော့ ပိုမှန်လိမ့်မည်ထင်သည်။ တကယ်လည်း လက်ရှိဖြစ်တည်ရှင်သန်နေရသည့် ဘဝကြီးထဲမှာ သူ့အတွက် ပျော်စရာဆိုလို့ ဘာတစ်ခုမှ မရှိတော့ပါ။ တစ်ခါတစ်ရံ အတွေးအာရုံများထဲသို့ ရောက်ရောက်လာတတ်သည့် အတိတ်နေ့ရက်များဆီက အချို့သော အကြောင်းအရာလေးများသာ ရှိနေခဲ့သည်။

အတိတ်နေ့ရက်များဆီက မိသားစုအတွက် သူစွမ်းဆောင်ခဲ့ဖူးသည့် အကြောင်းအရာများကို ပြန်လည်တွေးတောနေရခြင်းကသာ သူ့အတွက် စိတ်ရွှင်လန်းချမ်းမြေ့စရာ ဖြစ်နေရသည်။

မည်သို့ပင်ဖြစ်စေ အခွင့်အရေးသာရခဲ့မည်ဆိုလျှင် လက်ရှိသူရင်ဆိုင်နေရသည့် အခက်အခဲများ၊ ဝေဒနာများဆီကနေ အမြန်ဆုံး လက်မြှောက်အရှုံးပေး ထွက်ခွာသွားလိုက်ချင်ပြီဖြစ်ကြောင်း တစ်စုံတစ်ယောက်ကို ဖွင့်ဟပြောဆိုလိုက်ချင်နေမိသည်။

(၂)

"အဲဒီနေ့ကျရင် အဖေ့အခန်းတံခါးကို သေချာပိတ်ထားကြဖို့ မမေ့ကြနဲ့ဦးနော်။ တော်ကြာ အခန်းထဲက အနံ့အသက်တွေထွက်လာလို့ ဧည့်သည်တွေရှေ့မှာ အကုန်လုံး အရှက်တွေကွဲကုန်ကြဦးမယ်"

ရုတ်တရက် အခန်းတံခါးကို ကျော်ဖြတ်ကာ ဝင်ရောက်လာသည့် စကားသံတို့ကြောင့် သူ့ရင်တစ်ခုလုံး နာကျင်သွားရသည်။ ထို့အတူ သူဟာ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးကြီးအဖြစ်သာမက မိသားစုအတွက် အရှက်ရစရာ လူပိုကြီးတစ်ယောက် အသုံးမဝင်တော့သည့် လူကြီးတစ်ယောက်အဖြစ်သို့ ရောက်ရှိနေခဲ့ပြီလားဟူ၍လည်း တွေးလိုက်မိသည်။

ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ရှားနိုင်တော့သည့် ရောဂါသည် အဖေအိုကြီးအပေါ်ကို သည်လောက်လေးတောင် စိတ်ရှည်သည်းခံမပေးနိုင်ကြသည့် သူတို့တစ်တွေ၏ စိတ်ဓာတ်တွေကိုလည်း သူအအံ့သြကြီး အံ့သြလိုက်မိသည်။

အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာမျိုးမဟုတ်ပေမယ့် သူ့မှာသာ ဖန်ဆင်းပြနိုင်စွမ်းရှိမယ်ဆိုရင် သူတို့သားသမီးတွေကို သူဘယ်လို ပြုစုယုယပျိုးထောင်လာခဲ့ရတယ်ဆိုတာကို ပြန်ပြီး ဖန်ဆင်းပြလိုက်ချင်မိသည်။

သူတို့၏ ပညာရေး၊ လူမှုရေး၊ စားဝတ်နေရေးများအတွက် သူဘယ်လောက်အထိ ရုန်းကန်ပေးခဲ့ရတယ်ဆိုတာကို ဖန်ဆင်းပြလိုက်ချင်သည်။ ထို့အတူ ယခု သူတို့ပြောလိုက်သည့် စကားလုံးတွေကြောင့် သူတို့၏ ရောဂါသည်အဖေအိုကြီး၏ စိတ်ထဲမှာ ဘယ်လောက်ထိ ပူပြင်းလောင်မြိုက်သွားတယ်ဆိုသည့်အကြောင်းကိုလည်း သူတို့တစ်တွေသိအောင် ပြောပြလိုက်ချင်မိသေးသည်။

သို့ပေမယ့် ဒါတွေဟာ သည်ဘဝမှာတော့ ဘယ်လိုမှ ဖြစ်လာနိုင်စရာ အကြောင်း မရှိတော့ဘူးဆိုတာကိုလည်း သူ့စိတ်ထဲမှာ သေသေချာချာ သိနေခဲ့ရပါပြီ။

(၃)

"ဟာ . . . လူတွေကမှ အလုပ်ရှုပ်နေပါတယ်ဆို လုပ်ထားပြန်ပြီဗျာ"

မှန်ပါသည်။ ဒီနေ့ဟာ သမီးအလတ် မင်္ဂလာဆောင်သောနေ့ဖြစ်၍ မိသားစုအားလုံး အလုပ်ရှုပ်နေကြသည်။ သည်မင်္ဂလာဆောင် အခမ်းအနားကိုတောင် ဖခင်တစ်ယောက်အဖြစ် သူတက်ရောက်ခွင့်မရခဲ့ပါ။ သားငယ်၏ စကားသံအဆုံးမှာ ဝူးဝူးဝါးဝါးဖြင့် သူအကြောက်အကန်ပင် ငြင်းဆန်လိုက်မိသည်။

သူတမင်တကာ လုပ်တာမဟုတ်ကြောင်း မတော်တဆဖြစ်သွားခြင်းသာ ဖြစ်သည်ဆိုသည့်အကြောင်းကို သူ့မှာရှိသမျှ ခွန်အားကိုသုံး၍ အမူအယာမျိုးစုံဖြင့် ပြောပြတောင်းပန်နေခြင်းဖြစ်သည်။ တကယ်လည်း သိစိတ်ဖြင့် တမင်တကာ လုပ်မိခြင်းမဟုတ်ပါ။ မသိစိတ်ဖြင့် ပြုမူမိခြင်းသာဖြစ်သည်။

ယုတ်စွအဆုံး ထိုသို့အညစ်အကြေးများ စွန့်ထားမိခဲ့ကြောင်းကိုပင် ယခုမှသာ သူသိလိုက်ရခြင်းဖြစ်သည်။ သို့သော်လည်း သူ့သားငယ်က သူ၏ စကားအမူအယာများကို ဘာသာပြန်ဖို့ မစဉ်းစား။ ခြေထောက်တို့ကို စောင့်နင်း၍သာ သူ့အနားမှဝေးရာသို့ ထွက်သွားခဲ့သည်။

(၄)

ခါးအောက်ပိုင်းဆီမှ စိုစိစိအထိအတွေ့ကြောင့် သူထိတ်လန့်သွားရ၏။

အိပ်ရာထက်မှာ အညစ်အကြေးများကို စွန့်လိုက်မိပြန်ပြီဆိုသည့် အသိက သူ၏စိတ်တို့ကို ပူပန်စိုးထိတ်လာစေခဲ့၏။ အထူးသဖြင့် အညစ်အကြေးများ စွန့်ထားမိလိုက်ကြောင်းကို သူတို့သာ သိသွားခဲ့ရင်ဆိုသည့် အတွေးကြောင့် သူ့တစ်ကိုယ်လုံး ချွေးများပင်ပြန်လာခဲ့ရသည်။ ထို့အတူ တစ်ဖက်ကလည်း သည်ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဟု အပြင်းအထန်ပင် စဉ်းစားနေမိသည်။

မှန်ပါသည်။ သည်ကိစ္စကို သူ့မိသားစုများ မတွေ့မြင်မရိပ်မိခင် သူ့ခန္ဓာကိုယ်မှ ကင်းစင်သွားအောင် ဖြေရှင်းရမည်။ သို့မှသာ သူ့သားသမီးများ၏ စိတ်ပျက်လက်ပျက် ဆူပူကြိမ်းမောင်းသံများမှ လွတ်ကင်းရလိမ့်မည်ဖြစ်သည်။ လူပိုကြီးဝန်ထုပ်ဝန်ပိုးကြီးဟု အဓိပ္ပာယ်ရသည့် အကြည့်များဆီမှလည်း လွတ်မြောက်ခွင့်ရလိမ့်မည်ဖြစ်သည်။ ဒါကြောင့် တစ်ခုခုနဲ့ငြိနေသလို အိပ်ရာမှာ ကပ်နေသည့် သူ့ကျောပြင်ကို မ ရွှေ့ဖို့ ကြိုးစားလိုက်မိသည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ ကြိုးစားကြည့်သော်လည်း ဘာမှထူးခြားမလာတာမို့ သူစိတ်ဓာတ်နည်းနည်းကျချင်လာသည်။

သို့ပေမယ့် သူလက်မလျှော့ သူ့သားသူ့သမီးများ၏ ပြောဆိုပြစ်တင်ခြင်းတွေကနေ လွတ်မြောက်ဖို့ လက်လျှော့လို့မရဘူးဟုသူ့ကိုယ်သူအားပေးရင်း ကျောက်တုံးတွေနှင့် အဖိခံထားရသလို လေးလံနေသည့် သူ့လက်တွေကိုအားပြုလို့ သူ့ခန္ဓာကိုယ်ကြီးကို ခုတင်ပေါ်ကနေ ရွှေ့သွားဖို့ ထပ်ခါထပ်ခါ ကြိုးစားနေမိသည်။ ဘယ်နှကြိမ်မြောက် ကြိုးစားနေမိသည်တောင်မသိတော့ သူ့ခန္ဓာကိုယ်ကနေ ချွေးများပင် အပြိုင်းပြိုင်း စီးကျလို့လာခဲ့ပြီ။ သူ့ရင်သည်လည်း ပူလောင်လာပြီး သူ့မျက်လုံးတွေဟာ ချွေးစက်တို့ကြောင့် ကျိန်းစပ်ကာ အမြင်အာရုံတွေ ဝေဝါးလာခဲ့ရသည်။

သူဘယ်လောက် ကြိုးစားကြိုးစား သူ့ခန္ဓာကိုယ်ကြီးကတော့ ရှိရင်းစွဲနေရာကနေ တစ်လက်မလေးတောင် ရွေ့သွားခြင်းမရှိခဲ့ပါ။ ခန္ဓာကိုယ်ကြီးကသာ ရွေ့သွားခြင်းမရှိသော်လည်း သူ့ရင်ဘတ်ကြီးကတော့ အရှိန်ပြင်းပြင်းဖြင့် အဆွဲခံနေရသည့် ပန်းပဲသမားကြီးတစ်ယောက်၏ ဖားဖိုကြီးတစ်ခုလို နိမ့်လိုက်မြင့်လိုက်ဖြစ်နေ၏။ သူ့အာခေါင်တွေဟာ ကန္တာရအလယ်က သဲသောင်ပြင်တွေလို ပူလောင်ခြောက်ကပ်လာ၏။ သူ့မျက်လုံးများသည်လည်း ပြာဝေ၍ လာခဲ့ကြသည်။ သို့သော် သူလက်မလျှော့ချင်စိတ်ကို တင်းထား၏။

တကယ်လည်း မိသားစုဝင်များ၏ ရှုတ်ချပြောဆိုခံရခြင်းမှ လွတ်မြောက်ရန်အတွက် သူလက်လျှော့၍မဖြစ်ပေ။ ထို့ကြောင့် ရှိသမျှအားနဲ့ သူရုန်းကန်နေခြင်းဖြစ်သည်။ သူ့စိတ်ကူးအတိုင်းပင် ခန္ဓာကိုယ်ကြီးကို အဲဒီ ခုတင်အိုကြီးနှင့် လွတ်ကင်းရာသို့ အစွမ်းကုန်လိမ့်ချပစ်ဖို့ ကြိုးစားလိုက်မိသည်။ တိတိကျကျပြောရလျှင် သူ့ခန္ဓာကိုယ်ထဲမှာရှိသမျှအားကုန်သုံး၍ အညစ်အကြေးတွေ ပေစွန်းနေသည့် စိတ်ရှုပ်စရာ ခုတင်အိုကြီးဆီမှ အဝေးဆုံးကို လိမ့်ချပစ်လိုက်မိခြင်းဖြစ်သည်။

အံ့သြစရာကောင်းလောက်အောင်ပင် သူဟာ ခုတင်အိုကြီး၏ အဝေးဆုံးကို ရောက်ရှိသွားခဲ့ရသည်။ သူပျော်ရွှင်သွား၏။ ပျော်ရွှင်စွာပဲ သူမနေချင်သည့်အိပ်ခန်း၏ ခုတင်အိုကြီးဆီမှ အဝေးဆုံးကို ထွက်လာနိုင်ခဲ့ပါပြီ။ သို့သော်လည်း ခုတင်အိုကြီးပေါ်မှာ ကျန်ရှိနေသေးသည့် သူ့ခန္ဓာကိုယ်ကြီးဟာ အညစ်အကြေးတွေနဲ့ ပေစွန်းနေဆဲဆိုတာကိုတော့ သူသိခွင့်မရလိုက်တော့ပါ . . ။ ။

ဆောင်းပါး

# ရှုံးနိမ့်ခြင်းမှာ အနာဂတ်တွေရှိတယ်

မောင်ကြည်လင်(ရွှေကြိုးကြာ)

“ရှုံးနိမ့်ခြင်းသည် ငှါထံရောက်လာသောအခါ ငါ၏မျက်လွှာသည် အားငယ်စွာ မှေးမှိတ်သွားတော့၏။ အောင်မြင်ခြင်းကို မြင်တွေ့ရသောအခါ ငါ၏မျက်လုံးသည် လင်းလက်တောက်ပနေတော့၏။ ငါသည် ရှုံးနိမ့်ခြင်းကို မျက်တောင်မခတ်ဘဲ ကြည့်နိုင်အောင် ကြိုးစားရပေဦးမည်။” လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်က ကျောင်းနေဖက်သူငယ်ချင်းက ကျွန်တော်၏မှတ်စုစာအုပ်လေးမှာ အမှတ်တရ ရေးပေးခဲ့ဖူးသည်။

လူတိုင်းအောင်မြင်ဖူးကြပါသည်။ ထို့အတူ ရှုံးနိမ့်ခြင်းကိုလည်း ကြုံဖူးကြတာအမှန်ပါ။ အောင်မြင်သောအခါ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်း၊ မော်ကြွားခြင်း စသည်ဖြင့် စိတ်ခံစားမှုအမျိုးမျိုး ပြတတ်ကြပေသည်။ ရှုံးနိမ့်သောအခါ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ နောင်တရခြင်းတွေနှင့်အတူ သိမ်ငယ်သွားတတ်ကြပါတော့သည်။ တချို့က အရှုံးတွေနဲ့အတူ ဘဝကို ရေစုန်မျှောဖျက်ဆီးလိုက်ကြသည်။ တချို့ကတော့ ထပ်မံကြိုးစားခြင်းတည်းဟူသော စိတ်ဓာတ်ခွန်အားဖြင့် ရှေ့ဆက်ကြပါသည်။ ဆုံးရှုံးမှုတိုင်း ဘဝကိုဖျက်ဆီးခံထိုက်သလားဟု ကျွန်တော်တို့ စဉ်းစားဖို့လိုပါသည်။ အမှန်စင်စစ် အရှုံးတွေမှာ အနာဂတ်အလင်းတွေရှိသည်ကို သတိမထားခဲ့ကြခြင်းပင် ဖြစ်ပါသည်။

ခေတ်လူငယ်တို့သည် စိတ်ခံစားချက်ကို အလေးပေးလွန်းသည်ဟု ကျွန်တော်ထင်သည်။ ကျရှုံးမှုတစ်ခုကြုံလျှင် ယူကြုံးမရဖြစ်ကြတော့သည်။ ပေါက်ကွဲတတ်သည်။ စိတ်ထင်ရာ လုပ်ဆောင်တတ်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်ပင် လမ်းမှားရောက်သူများစွာ တွေ့ရှိနေရပေသည်။ ကျွန်တော်တို့ ပထမတစ်ခုကျရှုံးခဲ့လျှင် နောက်တစ်ဖန်ကြိုးစားခွင့်ရှိပါသည်။ ထို့အပြင် ပန်းတိုင်အသစ်တစ်ခု တည်ဆောက်၍ နောက်ထပ် အနာဂတ်တစ်ခုကို ထပ်မံဖန်တီးနိုင်ဖို့

**လူတိုင်း အောင်မြင်ဖူးကြပါသည်။ ထို့အတူ ရှုံးနိမ့်ခြင်းကိုလည်း ကြုံဖူးကြတာအမှန်ပါ။ အောင်မြင်သောအခါ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်း၊ မော်ကြွားခြင်း စသည်ဖြင့် စိတ်ခံစားမှုအမျိုးမျိုး ပြတတ်ကြပေသည်။ ရှုံးနိမ့်သောအခါ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ နောင်တရခြင်း တွေနှင့်အတူ သိမ်ငယ်သွားတတ်ကြပါတော့သည်။ တချို့က အရှုံးတွေနဲ့အတူ ဘဝကို ရေစုန်မျှောဖျက်ဆီးလိုက်ကြသည်။ တချို့ကတော့ ထပ်မံကြိုးစားခြင်းတည်းဟူသော စိတ်ဓာတ်ခွန်အားဖြင့် ရှေ့ဆက်ကြပါသည်။ ဆုံးရှုံးမှုတိုင်း ဘဝကိုဖျက်ဆီးခံထိုက်သလားဟု ကျွန်တော်တို့ စဉ်းစားဖို့လိုပါသည်။ အမှန်စင်စစ် အရှုံးတွေမှာ အနာဂတ်အလင်းတွေရှိသည်ကို သတိမထားခဲ့ကြခြင်းပင်ဖြစ်**

လိုအပ်ပေသည်။ ကျွန်တော်တို့သည် ရှုံးနိမ့်သွားသော်လည်း ကောင်းမွန်သော ရလဒ်တချို့ကျန်နေခဲ့သည်ကို သတိမမူခဲ့ကြပေ။ တက္ကသိုလ်ဝင်တန်း ကျရှုံးခဲ့သည် ဆိုကြပါစို့။ ကျွန်ုပ်တို့မှာ မေးခွန်းအခက်အခဲကြောင့်သာ ကျရှုံးခဲ့ရသည်။ သို့သော် ထိုက်သင့်သော လေ့လာဆည်းပူးခဲ့သည့် ပညာရပ်များကျန်ရှိနေပေသည်။ နောက်တစ်ဖန် ထပ်မံဖြည့်စွက်၍ ကြိုးစားရပေမည်။

အမှန်တိုင်းဝန်ခံရလျှင် ကျွန်ုပ်သည်ပင် ကျရှုံးခဲ့စဉ်က ဘဝတစ်ခုလုံးပျက်စီးရန် လမ်းလွဲသို့ရောက်ခဲ့ရသည်။ ကျွန်ုပ်သည် မိတ္ထီလာတွင် ဆရာအတတ်ပညာကို ဆည်းပူးခဲ့သူဖြစ်ပါသည်။ ကျွန်ုပ်သည် ထိုအချိန်က ငယ်ရွယ်သူဖြစ်သည်။ ထို့ကြောင့် ပြိုင်ပွဲတိုင်းဆုရယူနိုင်သည်။ ကျွန်ုပ်ဆုမရခဲ့သောပြိုင်ပွဲမှာ အတော်ပင်ရှားပါးပေလိမ့်မည်။ ဆုများကိုရယူစဉ်က ကျွန်တော်၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ်။ မျက်နှာတစ်ခုလုံးပြုံးလို့ပါ။ ဂုဏ်ယူခဲ့သည်မှာ အံ့ဩမခန်း။ အတန်းဖော်များ၏ အားကျရသူအဖြစ် စံတင်ခဲ့သည်။ စာမေးပွဲတိုင်းကို အကောင်းဆုံးဖြေဆိုသည်။ သို့သော် လူတိုင်းအောင်မြင်မှုများရနေသည် မဟုတ်ပါ။ ဆုံးရှုံးမှုကြုံရစမြဲဖြစ်သည်။ ကျွန်တော်၏ ကျရှုံးမှုသည် စာသင်နှစ်ကုန်ဆုံးချိန်တွင် စတင်ခဲ့ပါတော့သည်။

ပညာရေးတက္ကသိုလ် ဆက်လက်တက်ရောက်ခွင့်မရခဲ့သောကျွန်တော်သည် နှစ်ပေါင်းများစွာ စိတ်ဒဏ်ရာရခဲ့သည်။ ပညာရေးဝန်ထမ်းဘဝဖြင့် ရပ်တည်ခဲ့ရသော်လည်း “ဆု”တွေကို မုန်းသွားခဲ့သည်။ ကြိုးစားမှုများ သေဆုံးခဲ့သည်။ ပြိုင်ပွဲများကို ကြောက်လာမိသည်။ လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်က စိတ်ဒဏ်ရာသည် ယခုချိန်ထိ အကင်းမသေ။ အမာရွတ်ကျန်နေဆဲဖြစ်သည်။ ထိုအချိန်က ဘဝတစ်ခုလုံး ကျရှုံးခဲ့သည်ဟု မှတ်ယူခဲ့မိသည်။ ကျွန်တော်၏ ဆုံးရှုံးမှုနောက်တွင် ကြိုးစားခဲ့ခြင်း၏ အဖူး၊ အပွင့်များစွာရှိနေခဲ့သည်။ ကျွန်တော်သတိမထားမိခဲ့ပေ။ သတိလည်း မမူနိုင်ခဲ့ပေ။

မိတ္ထီလာတွင် ကျွန်တော်သည် ဂီတ၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါး စသည့်ပညာရပ်များကို အခြားသော သူငယ်ချင်းများထက် ပိုမိုလေ့လာခဲ့သည်။ ထိုအရာများသည် ပညာရေးတက္ကသိုလ်တက်ရောက်ခွင့်ရသူများထက်ပင် ကျွန်ုပ်က ပိုနေပါလိမ့်မည်။ ယခုအချိန်တွင် စာရေးခြင်းဖြင့် ဝါသနာကိုအကောင်အထည်ဖော်ခွင့်ရနေပေသည်။ ထိုသည်ကား ဆရာအတတ်ပညာသင်ယူခဲ့စဉ်က ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု စသည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်နေတော့သည်။ ကျွန်တော်သည် ပညာရေးတက္ကသိုလ် တက်ရောက်ရန်ဟူသော ရည်မှန်းချက်ဆုံးရှုံးခဲ့ရသူဖြစ်သည်။ သို့သော် ကြိုးစားခဲ့ခြင်း၏ ပညာရပ်တစ်ခုသည် ယခုအခါ ကျွန်တော်၏ အနာဂတ်ကို ဆက်လက်အကျိုးပြုနေပေတော့သည်။ ဤသည်ကား အရှုံးများထဲမှအနာဂတ် ပုံရိပ်ပင်ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အရှုံးများထဲမှ ပညာရပ်များကို ရှာဖွေကြရမည်။ ထိုပညာရပ်များဖြင့် အနာဂတ်အတွက် ရည်မှန်းချက်အသစ်ကို ချမှတ်နိုင်ရမည်။ ထိုသို့ချမှတ်၍ ထပ်မံကြိုးစားခြင်းဖြင့် အောင်မြင်မှုပန်းတိုင်သစ်ဆီသို့ လျှောက်လှမ်းကြရမည်။ ထိုမှသာ အနာဂတ်များ လှပနေကြမည် ဖြစ်ပါတော့သည်။ ။

## ရောင်ခြည်အားမာန်

ဖန်ဝါနေမင်း ရောင်ဝါဆင်းဖြင့်
ထွန်းလင်းဖို့ရာ အားပြုလာသည်
ကမ္ဘာမြေပြင် အလှဆင်၏။

သာရကာကျေး သံသာတေးဖြင့်
ခွန်းဆင့်နေခြည် ပန်းချီအလား
ချိုတေးသွားညီ သောသောစည်၏။

အိပ်မှုန်မှုထ နိုးကြွလူငယ်
ဝင့်ထည်သာဆန်း လုပ်စခန်းဝင်
မာန်တွေပြင်ပြီ အနီဘဝ
လူလုံးလှစေ စိတ်မှာခွေ၏။

နံနက်လုလင် အားမာန်ဆင်လျက်
တစ်ရက်ခရီး စပြီးပြုကြ
လူ့ဘဝဝယ် ဝင့်ထည်ဖို့ရေး
ကြံစည်တွေးလျက် ခရီးဆက်မည်
တိုးတက်မှုပေါင်း ဆုခြွေတောင်း၏။

ဝန်းရံခ(စော်ဘွားမြေ)

## နှုတ်နဲ့ကာယ စောင့်ထိန်းကြ

ရိုင်းစိုင်းမှုကို ရှောင်ကြဉ်ကာ
ချိုသာပြောဆိုပါ။
စကားအရာ သိမ်မွေ့မှ
လူများလေးစားရ။
လူကြီးမိဘ ရှေ့မှာကွယ်
ဦးညွတ်လျှောက်သွားမယ်။
ငယ်ရွယ်စဉ်ဝယ် ဆုံးမပေး
လူမိုက်မဖြစ်ရေး။
လူယဉ်ကျေးမှ အများခင်
ပတ်ဝန်းကျင်၌ပင်။
ကိုယ့်ထက်ကြီးရင် ရိုသေလို့
ငယ်သူညှာတာစို့။
ချိုသာပြောလို့ ဆက်ဆံသူ
အများချစ်ကြည်ဖြူ။
ကိုယ်နှုတ်မှုရာ စောင့်ထိန်းအပ်
ခိုက်ရန်နည်းပါးလျက်။

မေဦးခိုင်

## တို့တောရွာ

✻ လယ်ကွင်းပြင်များ စိမ်းစိုစွာ
တို့တောရွာလေး သာသာယာ။
✻ အချိန်မှန်စွာ သင်းထုံလန်း
မြန်မာ့ရိုးရာ ရာသီပန်း။
✻ သာယာအေးချမ်း စည်းလုံးညီ
ရိုးသားပီတိ ဖြာဝေစည်။
✻ တက်ညီလက်ညီ တူပေါင်းစု
ရေစက်ဆုံဖို့ ကုသိုလ်ပြု။
✻ စသည့်ကောင်းမှု အမျှဝေ
ကြားကြားသမျှ ယူနိုင်စေ။
✻ တမာနံ့တွေ ပျံ့လှိုင်သင်း
ကျေးလက်တောရွာ ဂုဏ်သတင်း။

မာန်ကျည်းမြေမောင်ယဉ်ကျေး

## အနာဂတ်ရဲ့ ရင်သွေးငယ်

ကျောင်းတက်ချိန်မှာ ကျောင်းတက်မယ်၊
အနာဂတ် ရင်သွေးငယ်။
လည်လည်ဝယ်ဝယ် ရဲရင့်မှ၊
ပွဲလယ်တင့်မယ်ပ။
စည်းကမ်းတကျ ဝတ်၊ စား၊ နေ၊
ပြောဆိုမှု အထွေထွေ။
ထိန်းသိမ်းပါလေ ထုံးဓလေ့၊
ချစ်ခင်လို့ ပျော်မွေ့။
စာပေဖတ်၍ သုတစုံ၊
မြှင့်တင် အမျိုးဂုဏ်။
တိုင်းပြည် ကုံလုံကြွယ်ဝဖို့၊
လေ့လာကြိုးစားစို့။
ပြည့်ရင်သွေးတို့ စွမ်းဆောင်ရည်၊
ခေတ်သစ် ရှေ့ကိုချီ။
မြှောက်စား ရှယ်ရည်ပြုစုပေး၊
အနာဂတ် ကောင်းစားရေး။
တိုင်းပြည်ရဲ့ ရင်သွေး။

မောင်စိုးငွေ(ကသစ်မြေ )

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၄၆ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၆၂၀ ဦးရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၄-၉-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၅-၉-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၁၃၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၅၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၂၂၄,၇၉၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၆,၆၂၀) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၇၄၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၀,၀၃၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၄၆၅)ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်"နှင့်"တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၅-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၃၇)ခု | (၄၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၇)ခု | (၂၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၆)ခု | (၃၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၃)ခု | (၃၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၅)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၉၁)ခု | (၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၆)ခု | (၁၁၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၄၁၈)ခု | (၁,၂၈၃)ဦး |
| စုစုပေါင်း | (၁၈,၁၃၃)ခု | (၁,၅၄၆)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၆၆၈၆၈၀ | ၃၃၁၁၂၉၉၃ | ၇၀၅၂၉၃ |
| ၂။ | အိန္ဒိယ | ၃၃၆၂၇၈၁၁ | ၃၂၈၇၆၃၁၉ | ၄၄၆၇၂၆ |
| ၃။ | ဘရာဇီး | ၂၁၃၂၇၆၁၆ | ၂၀၃၂၆၄၀၈ | ၅၉၃၆၉၈ |
| ၄။ | ဗြိတိန် | ၇၆၀၁၄၈၇ | ၆၁၃၁၁၃၇ | ၁၃၅၉၈၃ |
| ၅။ | ရုရှား | ၇၃၉၈၄၁၅ | ၆၅၉၀၉၃၃ | ၂၀၃၀၉၅ |
| ၆။ | တူရကီ | ၆၉၈၇၄၉၄ | ၆၄၅၃၂၀၁ | ၆၂၇၄၅ |
| ၇။ | ပြင်သစ် | ၆၉၈၃၆၀၁ | စိစစ်ဆဲ | ၁၁၆၄၂၀ |
| ၈။ | အီရန် | ၅၅၁၉၇၂၈ | ၄၉၂၀၉၇၈ | ၁၁၉၀၈၂ |
| ၉။ | အာဂျင်တီးနား | ၅၂၄၈၈၄၇ | ၅၁၀၇၉၁၂ | ၁၁၄၈၂၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၈၅၁၃ | ၄၇၈၈၅၇၃ | ၁၂၆၀၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၀၆၂၅၃ | ၄၀၂၀၈၀၁ | ၁၄၁၃၈၁ |
| ၂။ | ဖိလစ်ပိုင် | ၂၄၇၀၂၃၅ | ၂၂၆၇၇၂၀ | ၃၇၄၀၅ |
| ၃။ | မလေးရှား | ၂၁၇၁၂၃၂ | ၁၉၅၀၄၆၄ | ၂၄၉၃၁ |
| ၄။ | ထိုင်း | ၁၅၄၉၂၈၅ | ၁၄၀၈၆၀၂ | ၁၆၁၄၃ |
| ၅။ | ဗီယက်နမ် | ၇၄၆၆၇၈ | ၅၁၆၄၄၉ | ၁၈၄၀၀ |
| ၆။ | မြန်မာ | ၄၅၆၆၂၀ | ၄၁၀၀၃၃ | ၁၇၄၆၅ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၈၂၅၇ | ၁၀၀၁၈၂ | ၂၂၁၈ |
| ၈။ | စင်ကာပူ | ၈၄၅၁၀ | ၇၃၃၉၅ | ၇၃ |
| ၉။ | လာအို | ၂၁၅၂၇ | ၁၇၁၀၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၆၂၈၆ | ၄၁၈၈ | ၃၇ |

## မုဒုံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအသုတ် ပထမအကြိမ် ထိုးနှံ

**မုဒုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသူများကို ယနေ့နံနက် ၉ နာရီကစတင်ပြီး ဦးစားပေးအုပ်စုအလိုက် မြို့မ(၄)ရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီးအပါအဝင် ဆေးထိုးစုရပ် ၁၃ နေရာ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအသုတ် ပထမအကြိမ်ကို အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ဆရာတော် သံဃာတော်ကြီးများနှင့် သာသနာ့ဝန်ထမ်းများ၊ သီလရှင်ကျောင်းများ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စက်ရုံ/အလုပ်ရုံဝန်ထမ်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ၊ အကျဉ်းထောင်/အချုပ်ထောင်မှ အကျဉ်းသားများ၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ၊ ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများ၊ အခြားဝင်ငွေရှိသောလုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ကုန်ပစ္စည်းရောင်းချသူများ၊ ရွှေ့ပြောင်းလူအုပ်စုများ၊ မီဒီယာ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ဝန်ထမ်းများကို ထိုးနှံပေးရာ စက်တင်ဘာ ၂၄ ရက်အထိ ထိုးနှံပေးပြီးသူ စုစုပေါင်း ၂၃၀၀၅ ဦးကို ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင်ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**သွားရောက်ကြည့်ရှု**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒဏ်ပြင်ရှည်ကျေးရွာရှိ မိုးစပါးစံပြစိုက်ခင်းစိုက်ပျိုးထားရှိမှုနှင့် ဘူးသီးတောင်တပ်နယ် နယ်မြေခံ တပ်ရင်း/ တပ်ဖွဲ့များရှိ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင် ပုလောမြို့နယ် ပလောက်မြို့နယ်မြေခံတပ်ရင်းရှိ ကြက်မွေးမြူရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်းရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှသီးနှံများအား နယ်မြေခံတပ်မတော်သားများက ဝယ်ယူလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မော်တောင်မြို့ရှိ ဒေသခံတောင်သူများ၏ စိုက်ခင်းများမှ သီးနှံများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက သွားရောက်ဝယ်ယူအားပေးခဲ့ပြီး အဆိုပါဝယ်ယူခဲ့သည့်သီးနှံများကို နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် ကိုဗစ်စင်တာများသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antiviral** | | | | |
| 1 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 2 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 3 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 5 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 6 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 7 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 9 | P.O Multivitamin with/without zinc | 3X10's / Box | 5600 | OLIVE |
| 10 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https:// www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လှိုင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စိုက်ထည့်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ် ငွေပင်လယ်စက်မှုဇုန်ရှိငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်က ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်းပြီး မြစ်၊ ချောင်း၊ အင်းအိုင်များတွင် ငါးသယံဇာတ မပြုန်းတီးရေးနှင့် တိုးပွား၊ ပေါများလာစေခြင်းဖြင့် ဒေသခံပြည်သူများ၊ ငါးရိက္ခာ ပိုမိုဖူလုံလာစေပြီး စားသုံးမှု မြင့်မားလာနိုင်ရေး ရည်ရွယ်၍ သဘာဝရေပြင် လှိုင်မြစ်အတွင်းသို့ငါးသားပေါက်ကောင်ရေ



ငါးသိန်းစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ငွေပင်လယ် စက်မှုဇုန်ရှိ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီရှေ့ လှိုင်မြစ်ကမ်းနံဘေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ငါးခုမှ ယာဉ်စီးရေ ခြောက်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အိုးခွံ) ၄၃၀၊ အောက်ဆီဂျင်ထုတ်စက် သုံးခုနှင့် နှာခေါင်းစည်း လေးတန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက် သုံးခုမှာ ရန်ကုန်မြို့သို့ နှစ်ခုနှင့် ဘီးလင်းမြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း ကုမ္ပဏီ ၂၅၀ မှ ယာဉ်စီးရေ ၄၇၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၀၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၂၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် တန် ၄၀၊ Storage Container လေးခု၊ အောက်ဆီဂျင် (အရည်) Distri– butor တစ်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၉၄၆၅၀၊ Oxygen Plant ၂၄၇ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ Oxygen Generator ၁၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၂၆၃၇ ခု၊ Test Kit ခုရေ ၇၀၀၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံအစုံရေ ၁၀ သိန်းကျော်ခန့်၊ လက်အိတ် ၁၂၂ တန်နှင့် နှာခေါင်းစည်း ၂၅၃၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စက်တင်ဘာ ၁ ရက်မှ ၂၅ ရက်အတွင်း ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser)ယာဉ် စုစုပေါင်း ၃၆ စီးမှာ ရန်ကုန်မြို့သို့ ၂၆ စီး၊ မန္တလေးမြို့သို့ လေးစီး၊ မော်လမြိုင်မြို့သို့ နှစ်စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မုံရွာမြို့သို့ တစ်စီးနှင့် ပြည်မြို့သို့ တစ်စီးစီဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက် စုစုပေါင်း ၂၄၈ ခုမှာ ရန်ကုန်မြို့သို့ ၁၉၀၊ မန္တလေးမြို့သို့ ၁၄ ခု၊ ပခုက္ကူမြို့သို့ သုံးခု၊ ချောက်မြို့သို့ သုံးခု၊ လားရှိုးမြို့သို့ နှစ်ခု ၊ မင်းဘူးမြို့သို့ နှစ်ခု၊ မအူပင်မြို့သို့ နှစ်ခု၊ ပြင်ဦးလွင်မြို့သို့ နှစ်ခု၊ မော်လမြိုင်၊ မုံရွာ၊ မြစ်ကြီးနား၊ မိုးကောင်း၊ မြင်းမူ၊ ဒေးဒရဲ၊ မုဒုံ၊ ပြည်၊ မိတ္ထီလာ၊ မြောင်းမြ၊ ဝိုင်းမော်၊ တာချီလိတ်၊ မိုးညှင်း၊ ကန့်ကြီးထောင့်၊ ဖားကန့်၊ အောင်လံ၊ ကဝ၊ စဉ့်ကူး၊ မြိုင်၊ ဂန့်ဂေါ၊ ထန်တလန်၊ တန့်ယန်း၊ ပဲနွယ်ကုန်း၊ ညောင်ရွှေ၊ ဟားခါး၊ ကျောက်ဖြူ၊ ပုသိမ်ကြီး၊ သာစည်၊ မိုးမိတ်နှင့် အမရပူရ မြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ပေးထား**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကသာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ စက်တင်ဘာ ၂၅
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကသာခရိုင် ကသာမြို့ရှိ ဓမ္မပါလကျောင်းတိုက်နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ ဆပ်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကသာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ကသာမြို့ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်များနှင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ကသာမြို့ပြည်သူ့ဆေးရုံကြီးအတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် ကသာမြို့ မြို့တော်ခန်းမတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ထောက်ပံ့ငွေ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးများ၊ Concentrator များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် တောင်သူများအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကသာမြို့ ကျန်တောကျေးရွာ သွေးကျောက်ချောင်းပေါ်ရှိ အရှည် ၂၂၄ ပေ၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားသည် ချောင်းရေတိုက်စားမှုကြောင့် ၄၀ ပေ နှစ်ခန်းနှင့် ၂၄ ပေ နှစ်ခန်းပျက်စီးနေမှုအား ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြုပြင်ဆောင်ရွက်ရေးတို့အား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




# လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်အနီး၌ တစ်ရွာတည်းနေအကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ကလေးငယ် တစ်ဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၂၅
တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်အနီးတွင် တစ်ရွာတည်းနေအကြမ်းဖက်လူတစ်စုက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အသက် ၁၃ နှစ်အရွယ် အပြစ်မဲ့ကလေးငယ်တစ်ဦး မိုင်းစထိမှန် သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။



လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ဆင်မင်းရပ်ကွက် အုပ်ချုပ်ရေးမှူးအိမ်ရှေ့တွင် မိုင်းကွဲမှုနှင့် ပတ်သက်၍ ဖမ်းဆီးရမိတရားခံစိုးမင်းထွေး

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ဆင်မင်းရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူး၏ဇနီးဖြစ်သူ ဒေါ်ကြည်ငွေး(ဘ)ဦးအေးရှိနှင့် တူမဖြစ်သူ မအိအိငယ်(ဘ)ဦးမောင်လေး(အသက် ၁၃ နှစ်) တို့သည် စက်တင်ဘာ ၂၀ ရက်နံနက် ၇ နာရီခွဲခန့်တွင်နေအိမ်ရှေ့ ခြံစည်းရိုးအနီး၌ ပန်းခူးနေစဉ် တစ်ရွာတည်းနေ အကြမ်းဖက်သူများထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် မအိအိငယ်သည် ဖြစ်စဉ်နေရာ၌ပင် မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဒေါ်ကြည်ငွေးသည် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ထားဝယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက် ညပိုင်းတွင် တစ်လမ်းတည်းနေထိုင်သူ စိုးမင်းထွေး(ဘ)ဦးလှရွှေအား ဦးစွာဖော်ထုတ် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ အဆိုပါဖြစ်စဉ်၌ ကျေးရွာနေသူများဖြစ်သည့် ဟိန်းသူအောင် (ဘ)ဦးအောင်ဖေ၊ ကျော်စိုး(ဘ)ဦးလှရှိန်နှင့် စောရွှေ(ဘ)ဦးလှရှိန်တို့ သုံး ဦးပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေးနှင့် ပါဝင်ပတ်သက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၅
ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် စစ်ဆေးရေးဆောင်ရွက်နေသည့် ရွှေကျင်စစ်ဆေးရေးဂိတ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူနှစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၅
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးအတွက် စစ်ဆေးရေးဆောင်ရွက်နေသည့် ရွှေကျင်စစ်ဆေးရေးဂိတ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် မန္တလေး-မတ္တရာကားလမ်းပေါ် ရွှေကျင်စစ်ဆေးရေးဂိတ်ဟောင်းအနီး ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စစ်ဆေးရေးဆောင်ရွက်နေစဉ် ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူအမျိုးသားတစ်ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ခဲ့ရာ စစ်ဆေးရေးဂိတ်၏ မြောက်ဘက်ရှိ သဲအိတ်ဘန်ကာအတွင်း ကျရောက်ပေါက်ကွဲခဲ့သည်။

ထိုကဲ့သို့ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ကာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ အောင်မြေသာစံမြို့နယ် ဥယျာဉ်ရပ်ကွက်နေ လွင်ထူး(၄၇)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ၎င်း၏သားဖြစ်သူ ကျော်ဇင်မင်း (၁၇) နှစ်ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် လမ်းမပေါ်တွင် ဆိုင်ကယ်ဖြင့်သွားလာနေသည့် မတ္တရာမြို့နယ် နံ့သာမြိုင်ကျေးရွာနေ အမျိုးသမီးငယ် သုံးဦးတို့တွင် ဖူးရောင်နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် လွင်ထူးပါ နှစ်ဦးကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## ရေတာရှည်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ပစ္စည်းလေးမျိုး ထောက်ပံ့

**ရေတာရှည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရေတာရှည်မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ သီလရှင်ကျောင်း တစ်ကျောင်းအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ပစ္စည်းလေးမျိုး ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရေတာရှည်မြို့ ဘိုတော်ကုန်းအုပ်စု နတ်ရေတွင်းကျောင်းတိုက် သာသနမမ္မရက္ခိတဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ နတ်ရေတွင်းကျောင်းတိုက်ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တစန္ဒိမာက သြဝါဒကထာ မြွက်ကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် ဆန် ၃၆ အိတ်၊ ဆီ ကိုးပုံး၊ ပဲ ငါးအိတ်၊ ဆား ငါးအိတ်တို့ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ကိုလွင်(ဆွာ)**

## သီပေါမြို့နယ်၌ ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ပြီးစီး

**သီပေါ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသိပညာပေးသင်တန်းကို ယနေ့တွင် သီပေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာမှ သင်တန်းသူသင်တန်းသားများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့်ကျေးရွာ ၁၇ ရွာမှ တက်ရောက်လာကြသော သင်တန်းသား ၁၂ ဦးနှင့် သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၃၀ အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးဝင်းဆောင်နှင့် ဝန်ထမ်းများက ကိုဗစ်ကာလညွှန်ကြားချက်များနှင့်အညီ သင်ကြားပို့ချပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာ ၁၇ ရွာတွင် ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းများ ပို့ချပြီးဖြစ်သဖြင့် စံပြကျေးရွာရွေးချယ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သီပေါမြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ကမ်းနီး / ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား အသိပေးကြေညာခြင်း

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ (၂၅-၉-၂၀၂၁)ရက်နေ့ မြန်မာစံတော်ချိန် (၀၅:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ၊ စစ်တွေ(Sittwe)မြို့၏အနောက်တောင်ဘက် ရေမိုင် ၁၆၅ မိုင်ခန့်၊ ဂွ(Gwa)မြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၅၀ မိုင်ခန့်၊ ဟိုင်းကြီးကျွန်း(Hainggyigyun)မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၈၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်(Paradip)မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၃၀ မိုင်ခန့်နှင့် ဂိုလ်ပါပူ(Gopalpur)မြို့၏ အရှေ့ဘက် ရေမိုင် ၃၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေပါသည်။ နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်အရ ရန်ကုန်မှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် အနောက်(သို့)အနောက်တောင်၊ ရန်ကုန်မှ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် အရှေ့(သို့)အရှေ့တောင်၊ တစ်နာရီလျှင် ပင်လယ်မိုင် ၁၅-၂၀ မိုင် တစ်ခါတစ်ရံ ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကိုးပေမှ (၁၂) ပေခန့်အထိ ရှိနိုင်ကြောင်း ထုတ်ပြန်ကြေညာထားပါသဖြင့် ကမ်းနီး/ကမ်းဝေး ငါးဖမ်း၊ ငါးသယ်ရေယာဉ်များအနေဖြင့် သတိပြုရှောင်ရှားနိုင်ရေး အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန**



## သာယာဝတီမြို့နယ်အတွင်းရှိ ရဟန်း၊ သံဃာ၊ သီလရှင်တို့အား အခြေခံစားသောက်ကုန်များ ဆက်ကပ်လှူဒါန်း

**သာယာဝတီ စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း သီတင်းသုံးတော်မူသော ရဟန်း၊ သံဃာ၊ သီလရှင်တို့အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များလှူဒါန်းခြင်းကို သာယာဝတီမြို့ ကျိုက်ထိုဇောတိကာရုံ ပရိယတ္တိစာသင်တိုက်သို့ ယမန်နေ့က သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာ၌ ကိုဗစ်-၁၉ ရောဂါ ကာလ Stay At Home အတွင်း ရဟန်း၊ သံဃာ၊ သီလရှင်များ ဆွမ်းအတွက် အဆင်ပြေချောမွေ့စေရန် ငွေကျပ် ၈၄၁၂၀၅၀ တန်ဖိုးရှိ ဆန် ၁၆၆ အိတ်၊ ဆီ ၄၁၃ ဒသမ ၅၀ ပိဿာ၊ ပဲ ၄၁၃ ဒသမ ၅၀ ပိဿာ၊ ဆား ၄၁၃ ဒသမ ၅၀ ပိဿာတို့အား သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလူအေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုတို့က သွားရောက်ဆက်ကပ်လှူဒါန်းရာ ကျိုက်ထိုဇောတိကာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ ဣန္ဒာစရိယအရှင်သူမြတ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ခရိုင်/ပြန်/ဆက်)**

## အနုပညာ

## ယူကေတေးအယ်လ်ဘမ်စာရင်းရဲ့ ထိပ်ဆုံး ၄၀စာရင်းမှာ ပထမဆုံးအကြိမ် ပါဝင်လာတဲ့ NCT 127

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ NCT 127 ဟာ ယူကေမှာ ပထမဆုံးအောင်မြင်မှု ရရှိခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ်ဟာ ယူကေတေးအယ်လ်ဘမ်စာရင်းရဲ့ ထိပ်ဆုံး ၄၀ စာရင်းမှာ ပထမဆုံးအကြိမ် ပါဝင်လာခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ် Sticker ဟာ ယူကေရဲ့ ထိပ်တန်းတေးဂီတဇယားတစ်ခုမှာ ပါဝင်ခဲ့တာပါ။ Sticker အနေနဲ့ ယူကေထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာ နံပါတ် ၄၀ နေရာကို ရရှိထားကြောင်း စက်တင်ဘာ ၂၄ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါတေးဂီတဇယားဟာ အမေရိကန်က ဘေလ်ဘုတ် လိုမျိုးဖြစ်ပြီး ဒီလိုစာရင်းမှာ ထိပ်ဆုံးနံပါတ် ၄၀ နေရာကို ရယူနိုင်ခဲ့တာဟာ NCT 127 အတွက် ပထမဆုံးအကြိမ်ဖြစ်တယ်လို့ သိရပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink အဖွဲ့ဝင်တွေဟာ လတ်တလော ထုတ်လွှင့်ခဲ့တဲ့ လီဆာရဲ့ တေးသီချင်း lalisa နဲ့ အတူကခဲ့ကြပြီး အဆိုပါဗီဒီယိုကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဆာရဲ့ ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Lalisa အတွက် ကမ်ပိန်းတစ်ခုကို အင်စတာဂရမ်ပေါ်မှာ ပြုလုပ်လျက်ရှိပြီး အဆိုပါကမ်ပိန်းအတွက် အဖွဲ့ဝင်တွေအားလုံးက ပါဝင်အားဖြည့်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ အဖွဲ့လိုက်ကထားတဲ့ ဗီဒီယိုကို အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်းနီက သူ့ရဲ့အင်စတာဂရမ်ပေါ်မှာ စက်တင်ဘာ ၂၄ ရက်က ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။


## Lalisa နဲ့အတူကခဲ့ကြကတဲ့ Black Pink အဖွဲ့ဝင်များ



လီဆာဟာ သူ့ရဲ့ပထမဆုံး တစ်ကိုယ်တော်တေးအယ်လ်ဘမ်နဲ့ စံချိန်သစ်တွေတင်နိုင်ခဲ့ပြီး မကြာသေးမီကလည်း Lalisa ဟာ ယူကျုကနေ ကြည့်ရှုသူ သန်း ၂၀၀ အချိန်အတိုဆုံးနဲ့ ရရှိခဲ့တဲ့ တေးဗီဒီယိုအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရပါတယ်။ ■

**အေးပြည့် - စုစည်းသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ပလ္လင်ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဝေါ်ဖြင့်လုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း









[illegible]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်သန်း(လက်ခုပ်ပင်ရွာ၊ မအူပင်မြို့နယ်)

ဌာနစုမှူး(ငွေ)(ငြိမ်း)၊ အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာန

## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်(မ-၂၅)နေ (ဦးစောလှသောင်း)၏ဇနီး၊ စောမင်းထက်ကို၊ စဘိုဘိုနိုင်-နော်စေးလားဖေါ၊ နော်ဆုဝေလှိုင်တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ စအောင်သန့်ဘိုဘို၏ ချစ်လှစွာသောအဘွားသည် ၂၃-၉-၂၀၂၂(ကြာသပတေးနေ့) နံနက် ၀၀:၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်သန်း(လက်ခုပ်ပင်ရွာ၊ မအူပင်မြို့နယ်)

ဌာနစုမှူး(ငွေ)(ငြိမ်း)၊ အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာန

## အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လက်ခုပ်ပင်ကျေးရွာနေ (ဦးဘုန်းစိန်-ဒေါ်ကြင်ယုံ) တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်းနေ (ဦးညီ-ဒေါ်သိန်းလှ)တို့၏သမီးချွေးမ၊ (ဦးစောလှသောင်း)၏ဇနီး၊ (ဦးခင်ဖေသီး-ဒေါ်ဝင်းကြည်)၊ [ဗိုလ်ကြီးမင်းဆွေအောင်(ငြိမ်း)]-ဒေါ်မြင့်ကြည်၊ (ဦးအောင်ကျော်စိုး)-ဒေါ်ကြည်(မြစ်သား)၊ (ဦးစန်းရီ)-ဒေါ်မြင့်မြင့်စန်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာ)၊ ဦးစောဂျူးဇက်-ဒေါ်လှလှသိန်း၊ ဦးစိုးကြည်-(ဒေါ်လှလှဝင်း)တို့၏ညီမ၊ ဦးကြည်ရွှင်-ဒေါ်သက်သက်နှင်း တို့၏အစ်မ၊ တူ၊ တူမ ၁၆ ယောက်တို့၏အဒေါ်၊ မြေး ၂၄ယောက်တို့၏အဘွားသည် ၂၃-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၀၀:၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်(၆၄)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ(၀.၁၈၀)ဧကရှိ မြေကွက်နှင့် နှစ်ထပ်တိုက်အိမ်(၃၁-၁၂-၁၈၆၃)နေ့စွဲပါ ထာဝရဂရန်နံပါတ်(၁၂၃၃) (၉-၂-၁၉၀၄)နေ့စွဲပါ နှစ်စဉ်ဂရန်နံပါတ်(၄၀၀)မြေကွက်နှင့် နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးဖြစ်ပါသည်။ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အမှတ်(၅၆၈)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်ဟုခေါ်တွင်သော နေအိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏ မှတ်ပုံတင်(၁-က) စာရင်းတွင် ဦးအေးမောင်၊ ဒေါ်သောင်းမေ အမည်ပေါက်လျက်ရှိပြီး အောက်ခြေစာချုပ်အဆင့်ဆင့်ဖြင့် ဦးမင်းသိန်းညွန့်က ဆက်လက်ပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းထံမှတစ်ဆင့် ဦးဝင်းကိုကိုမျိုး၊ ဒေါ်နှင်းကေခိုင်တို့က ဝယ်ယူပိုင်ဆိုင်ပြီး၍ အိမ်နှင့်မြေကွက်အားမှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး တရားဝင်ပိုင်ဆိုင်လာ၍ ဦးဝင်းကိုကိုမျိုး၊ ဒေါ်နှင်းကေခိုင်အမည်ဖြင့် အမည်ပြောင်းလွှဲပြောင်းထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝင်းကိုကိုမျိုး** | **ဒေါ်နှင်းကေခိုင်** |
| **[၁၀/မလမ(နိုင်)၁၈၈၂၇၅]** | **[၁၀/မလမ(နိုင်)၁၇၅၄၇၅]** |

**အမှတ်(၅၆၈)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။**

---

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၉)လမ်း၊ အမှတ်(၁၀၄၃ ၁/၂)နှင့် (၁၀၄၄ ၁/၂)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)စတုရန်းပေ (၁၂၀၀)စီရှိသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အနက်(၃)လွှာ၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း ပေ(၁၈x၅၄)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ မြေပိုင်ဆိုင်မှု(၄)ပုံ(၁)ပုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်သူဇာခင် [၁၂/ဥကမ(နိုင်)၁၇၈၈၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့ရည်ဖြူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဏိစန္ဒာဝင်း**
**(LL.B,WIPO(GENEVA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၃၂)**
**အမှတ်(၁)၊ ပုလဲလမ်း၊ ဘိုခြံရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၀၇၃၄၅၊ ၀၉-၇၈၆၅၅၇၅၅၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(ဘီ)ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ်-၃၀၈ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉(ဘီ)၊ မြေကွက်အမှတ်-၃၀၈၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များသည် ဦးအုံးမောင်(ခ) ဦးမောင်မောင်အမည်ပေါက်လျက်ရှိပါသည်။ ၎င်းထံမှ ဆက်စပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်အေးအေးသင်း [၁၂/မဂတ(နိုင်)၀၁၉၆၉၃]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၇၁)**
**အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးဆင်မင်းဘထွန်း(ခ)ဦးစကြာ (၇၀)

မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်
ပညာရေးသဘောတရားဌာနကထိက(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသေ့ရ(၁၄/က)လမ်း၊ အမှတ်(၁၁၉၁/၀)နေ (ဦးဘထွန်း-ဒေါ်မေမေခင်)တို့၏သား၊ ကိုဆိုင်းလီ-နော်စန်းစန်းမူချယ်ရီဝင်း၊ ကိုငြိမ်းမောင်(ခ) လပြည့်-နော်အေးအေးဟန်ဝင်းတို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၂၂(သောကြာနေ့) ည ၈:၄၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေးဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## CO ကျော်ကျော်လင်း

(GREEN RORO) WALLENIUS

## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၅၅/က)နေ (ဦးတင်ဦး)-ဒေါ်စန်းကြည်တို့၏သားထွေး၊ (ဦးလှမြင့်-ဒေါ်သိန်းကြည်)တို့၏သားသမက်၊ (ဒေါ်လှလှငွေး)၊ ဒေါက်တာစိုးမင်းအောင်-ဒေါ်ညိုဇင်မင်းတို့၏ မောင်/ညီငယ်၊ ဒေါ်မော်မော်ထွန်း၏ချစ်လှစွာသော ခင်ပွန်း၊ မချိုသံသာလင်း၊ မောင်အောင်ခန့်ကျော်တို့၏ကျေးဇူးရှင်ဖခင် CO ကျော်ကျော်လင်းသည် ၂၄-၉-၂၀၂၂(သောကြာနေ့) ည ၇:၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စ ရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၉-၂၀၂၂(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၂၂(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော် နာယူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## (၁)လပြည့်သတိရတမ်းတလွမ်းဆွတ်ခြင်း

## ဦးဉာဏ်ဝင်း(၈၂)နှစ်

B.A,D.I.R

ညွှန်ကြားရေးမှူး(ငြိမ်း)

အနန္တကျေးဇူးရှင် ဖခင်ကြီးကွယ်လွန်ခဲ့တာ ယနေ့ ၂၆-၉-၂၀၂၂ ရက်တွင် တစ်လပြည့်ခဲ့ပါပြီ။ ဆပ်၍မကုန်နိုင်သော မေတ္တာကျေးဇူးတရားများကိုရည်စူးပြီး ယနေ့ (၁)လပြည့်နေ့တွင် သာစုပရိယတ္တိ စာသင်ကျောင်းတိုက်၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုအစုစုတို့ကို ကွယ်လွန်သူကျေးဇူးရှင် ဖခင်ကြီး ဦးဉာဏ်ဝင်း မြင့်မြတ်တဲ့ဘုံဘဝမှ ရရှိခံစားပါစေကြောင်း ဆုတောင်းအမျှပေးဝေပါသည်။

အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာစုခေါ်ပါဖေဖေ............

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်သန်းကြည်(AA-၀၀၇၅၇၅)၊ [၁၂/ပဘတ(နိုင်)၀၁၆၇၀၃] အမည်ပေါက်သည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၆၊ မြေကွက်အမှတ်-၁၈၉+၁၉၁၊ အကျယ်အဝန်း ပေ(၈၀x၆၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သန်းကြည်ထံမှ တရားဝင်ဝယ်ယူ၍ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၇၉၅/၂၀၁၇ အရ လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးနေဝင်း[၁၂/ဒဂတ(နိုင်)၀၉၆၇၈၆]သည် အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးဝင်း[၁၂/တမန(နိုင်)၀၅၄၆၉၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိပါက မည်သူမဆိုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၇၂၆၈၁၊ ၀၁-၈၅၅၀၇၇၆ H.P-၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်လှမေ[၁၂/ကတတ(နိုင်)၀၁၄၅၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှမေ တရားဝင်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၃၄-လမ်း၊ အမှတ်-၁၇၆/က(၄)တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ စာဖြင့်ရေးသား သဘောတူညီချက်မပါရှိဘဲ၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းမှအစ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် အဆိုပါတိုက်ခန်းမှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှမေ တစ်ဦးတည်းသာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တရားဝင်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လှမေ** | **ဒေါ်ရတနာလှိုင်** |
| **[၁၂/ကတတ(နိုင်)၀၁၄၅၉၈]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၆၄)** |
| | **အမှတ်(၄၄)၊ ၄-လွှာ၊ ၁၂၂-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၉၆၅၀၄၃၉၅၅** |

---

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ပညာလမ်း၊ မြေကွက်အမှတ်(၉၁၂)၊ အကျယ်အဝန်း(၄၀x၆၀)ပေ ရှိပါမစ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ရည်ညွှန်း အတိုင်းအတာလိပ်စာဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်နှင်းနှင်းမေ [၁၂/စခန(နိုင်)၀၂၂၁၄၉]သည် ပါမစ်အမည်ပေါက်ထံမှ ဝယ်ယူထားသူ ဒေါ်အေးအေးသန်း [၁၂/သဃက(နိုင်)၀၆၁၅၀၆]မှစရန်တစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ရောင်းဝယ်မှုအပေါ် ကန့်ကွက်ခြင်း၊ တားမြစ်ခြင်းရှိပါက ယခုကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ရောင်းသူ၊ ဝယ်ယူနှစ်ဦးသဘောတူ စာချုပ်ပါအတိုင်း အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်ပါမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်နှင်းနှင်းမေ[၁၂/စခန(နိုင်)၀၂၂၁၄၉]**
**ဖုန်း-၀၉-၇၈၅၀၆၀၀၃၉**

---

## မောင်ကျော်ကျော်အောင်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၅)လမ်း၊ အမှတ်(၁၀/က+ခ)နေ မအိခိုင်ဇာလွင်(ခ)အိခိုင်[၁၂/ကမရ(နိုင်)၀၆၁၇၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

အဖ ဦးညွန့်လွင်၊ အမိ ဒေါ်ဘေဘီအေး(ဇမ္ဗူထွန်းစိန်ရွှေရတနာဆိုင်)တို့၏သမီး မအိခိုင်ဇာလွင်(ခ)အိခိုင်နှင့် ဦးကျော်မြင့်(ခ) အောင်ကျော်မြင့်(အင်ဂျင်နီယာချုပ်)(ငြိမ်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒေါ်သန်းသန်းတို့၏သား မောင်ကျော်ကျော်အောင်တို့သည် (၁၅-၆-၂၀၁၂)ရက်နေ့ကစ၍ နှစ်ဖက်မိဘတို့၏သဘောတူခွင့်ပြုချက်အရ စတင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး မင်္ဂလာဆွမ်းကျွေးပြုလုပ်ကာ (၁၇-၁-၂၀၁၃)ရက်နေ့တွင် Sedona Hotel ၌ မင်္ဂလာညည့်ခံပွဲကျင်းပခဲ့ပါသည်။ မောင်ကျော်ကျော်အောင်နှင့် မအိခိုင်ဇာလွင်(ခ)အိခိုင်တို့သည် ယနေ့တိုင်တရားဝင်အကြင်လင်မယားဖြစ်ကြပြီး သားမောင်နိုင်ဇာနည်ဝင်း(၆)နှစ် တစ်ဦးထွန်းကားခဲ့ပါသည်။

ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၅၈)၊ မြေညီထပ်(ခေါင်းရင်းခန်း)ကို ငှားရမ်း၍ နိုင်ဝင်းရတနာရွှေဆိုင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပါသည်။ လင်မယားလက်ထပ်ပွားပစ္စည်းအဖြစ် ကျွန်ုပ်၏အမှုသည် လက်ရှိနေထိုင်လျက်ရှိသော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၅)လမ်း၊ အမှတ်(၁၀/က+ခ)ဟုခေါ်တွင်သည့် မြေပေါ်တွင်(၃)ထပ်ခွဲ(၅)လွှာတိုက်ကို ကန်ထရိုက်ဆောက်လုပ်ခဲ့ပြီး ခြေရင်းဘက်မြေညီထပ်မှစ၍ (၈)ခန်းရရှိခဲ့ပါသည်။ ယခုအခါ မြေညီထပ်(ခြေရင်းဘက်)(၂)ခန်း၊ ပထမထပ်(မှန်ခန်း)(၂)ခန်းကို ပိုင်ဆိုင်ခဲ့ပြီး မအိခိုင်ဇာလွင်(ခ)အိခိုင် လက်ရှိနေထိုင်လျက်ရှိပါသည်။

ရွှေဆိုင်ဖွင့်လှစ်ထားစဉ်အတွင်း ဆိုင်နှင့်သွားလာမှုလွယ်ကူစေရန် လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ မဟာဆွေကွန်ဒို၊ အခန်းအမှတ်(၃၀၆/အေ)တိုက်ခန်းကို ငှားရမ်းနေထိုင်လျက်ရှိစဉ် ရွှေဆိုင်ကိုအခြေအနေအရ ပိတ်သိမ်းထားခဲ့ပါသည်။ရွှေဆိုင်ရှိ လက်ထပ်ပွားစိန်ရွှေရတနာပစ္စည်းများ၊ ကားနှင့် တိုက်ခန်းများဖြစ်ထွန်းခဲ့ပါသည်။ (၃-၆-၂၀၂၁)ရက်နေ့က ဖခင်ဖြစ်သူ၏နေအိမ်သို့ မအိခိုင်ဇာလွင်(ခ)အိခိုင်နှင့် သားမောင်နိုင်ဇာနည်ဝင်းတို့သည် ခေတ္တသွားရောက်နေထိုင်ပြီး(၅-၆-၂၀၂၁)ရက်နေ့ ငှားရမ်းထားသည့်နေအိမ်သို့ ပြန်လာခဲ့ပါသည်။

နေအိမ်သို့ရောက်သောအခါ ခင်ပွန်းဖြစ်သူ မောင်ကျော်ကျော်အောင်ကိုမတွေ့ရတော့ဘဲ နေအိမ်အတွင်းရှိ ကျပ်သိန်း(၈၀၀၀)ဖိုးခန့်ရှိ စိန်ရွှေလက်ဝတ်ရတနာများ၊ ကျပ်(၁၀၁၅၂၅၀၀၀)တန်ဖိုးရှိ KIA (SORENTO-GT)၊ ယာဉ်အမှတ်(4Q/9099)၊ အနက်ရောင်ကားတစ်စီးနှင့် ယာဉ်မှတ်ပုံတင်စာအုပ်၊ သဃ်န်းကျွန်းမြို့နယ်ရှိ တိုက်ခန်းနှင့် ပတ်သက်သော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ လက်ထပ်စာချုပ်၊ ကလေးမွေးစာရင်း၊ မအိခိုင်ဇာလွင်(ခ) အိခိုင်နှင့်သား မောင်နိုင်ဇာနည်ဝင်းတို့၏ နိုင်ငံကူးလက်မှတ်များကို ခင်ပွန်းဖြစ်သူ မောင်ကျော်ကျော်အောင်သည် နေအိမ်မှယူဆောင်၍ ဇနီးနှင့်သားတို့ကို စွန့်ပစ်ထွက်ခွာသွားပါသည်။ ယနေ့တိုင်စောင့်ဆိုင်းနေသော်လည်း ဇနီးဖြစ်သူကို တစ်စုံတစ်ရာဆက်သွယ်မှု၊ ထောက်ပံ့မှု မပြုတော့ပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လင်မယားနှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများကို ဇနီးဖြစ်သူ မအိခိုင်ဇာလွင်(ခ)အိခိုင်၏သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ ထိုသို့ ကန့်ကွက်တားမြစ်ထားပါလျက် လက်ထပ်ပွားပစ္စည်းများအား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများ ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်ကျော်ကျော်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **မအိခိုင်ဇာလွင်(ခ)အိခိုင်** | **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **[၁၂/ကမရ(နိုင်)၀၆၁၇၈၀]** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၀၆၂၃)** | **(စဉ်-၁၄၂၁၆)** |
| | **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** |

---

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်း ထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာန များနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထားဝယ်မြို့ တိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ယာဉ်မောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေး(အမျိုးသမီးဝန်ထမ်း)တို့အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထားဝယ်ဒေသအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ ၂၃ ဦး ဖမ်းဆီးရမိ

## သေနတ် ရှစ်လက်၊ ၉ လုံးကျည် လေးတောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စိန်ရောင်ခြည် လေးလုံးနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၅

**ထားဝယ်မြို့ တိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ယာဉ်မောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေး(အမျိုးသမီးဝန်ထမ်း)တို့အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထားဝယ်ဒေသအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူ ၂၃ ဦး ဖမ်းဆီးရမိပြီး သေနတ် ရှစ်လက်၊ ၉ လုံးကျည် လေးတောင့်၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စိန်ရောင်ခြည် လေးလုံးနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ကျက်သရေလမ်းနေ တရားခံ **နိုင်ဦး** (၅၁ နှစ်)ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ မင်းရပ်ကူးတို့လမ်းနေ **ဆက်ဦး** (၄၃ နှစ်)နှင့် ဂန္ဓမာလမ်းနေ **ထွန်းဝေ** (၅၄ နှစ်)တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆**




# မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ပြီး အက်စ်တွန်ဗီလာအသင်းကို မန်ယူအသင်း ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၆)ရဲ့ စက်တင်ဘာ ၂၅ ရက်(စနေနေ့ည)အစောဆုံးပွဲစဉ်တွေအဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ပြီး မန်ယူအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာတော့ မန်ယူအသင်းဟာ အက်စတွန်ဗီလာအသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။

ပရီမီယာလိဂ်ရဲ့ နာမည်ကြီးနှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပွဲကစားချိန် ၅၃ မိနစ်မှာရရှိခဲ့တဲ့ ဂါဘရီယယ်ဂျီးဆပ်ရဲ့

**စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ❖**

## ကြေးမုံ ယနေ့ ဖတ်စရာ

**သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်** စာမျက်နှာ » ၈

**လက်လုပ်မိုင်းပြုလုပ်သည့် တရားခံများနှင့် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူများကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိ**

ရန်ကုန်မြို့တွင်း အဖျက်လုပ်ငန်းများနှင့် မှုခင်း/ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်နိုင်မှုမရှိစေရန် ရည်ရွယ်၍ မီးပွိုင့်များရှိ CCTV များအား ဖောက်ခွဲရန် ဆွေးနွေးခဲ့ကြောင်း ဖော်ထုတ်သိရှိရ

စာမျက်နှာ » ၁၄

**KIA တပ်မဟာ ၈ နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် (MGTN PDF) အဖွဲ့ဝင်များနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိ** စာမျက်နှာ » ၁၅

## ဆိုင်ကလုန်းမုန်တိုင်း ဂူးလက်ပ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် စက်တင်ဘာ ၂၅

**ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ**

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "ဂူးလက်ပ်" အဖြစ်သို့ ရောက်ရှိခဲ့သည်။

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂**